မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၇၁)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်သည့် ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❁

မျိုးဆက်သစ်တွေအတွက် တည်ငြိမ်တဲ့အနာဂတ်ကို အမွေခံကောင်းအဖြစ် ထားရှိခဲ့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

(၂၀၁၄ ခုနှစ် ဇူလိုင်လ)

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဇွန်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုဟာ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အရေးကြီးတဲ့ကိစ္စဖြစ်တယ်ဆိုတဲ့ အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ ပတ်သက်ပြီး အထူးအာရုံစိုက် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်လုပ်ဆောင်နေ တဲ့နည်းတူ ကျွန်တော်ကိုယ်တိုင်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်များရဲ့ ဖြစ်ထွန်းတိုးတက်မှုများနဲ့ ပတ်သက်ပြီး တိုင်းရင်းသားခေါင်းဆောင်များနဲ့ အခါအခွင့်သင့်တိုင်း တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။ ယခုလအတွင်းမှာ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနဲ့အဖွဲ့ကို နေပြည်တော်မှာတွေ့ဆုံပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရေး အတွက် လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမယ့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်တဲ့အခြေအနေများနဲ့ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

ကျွန်တော်တို့တည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပြီး အနာဂတ်သားမြေးမြစ်မျိုးဆက်သစ်တွေ အတွက် တည်ငြိမ်တဲ့ အနာဂတ်ကို အမွေခံကောင်းအဖြစ် ထားရှိခဲ့နိုင်ဖို့ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြတာဖြစ်ပါတယ်။ တိုင်းရင်းသား ညီအစ်ကိုများအားလုံးဟာ ပြည်ထောင်စုကြီးတစ်ခုတည်းမှာ မှီတင်းနေထိုင်ကြတာ

> “အသစ်အသစ်သောစိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် လက်တွဲ ကြိုးပမ်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းအဖြေရှာခြင်းများကသာလျှင် နည်းလမ်းမှန်များဖြစ်”

ဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအောင်မြင်တာနဲ့အမျှ ပြည်သူအားလုံး၊ နိုင်ငံသားအားလုံး

စာမျက်နှာ ၃ ကော်လံ ၁ ✳

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေး ချေးငွေများထုတ်ချေးပေးမည်

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လပတ် အတွက် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ) ယာယီရငွေ၊ သုံးငွေစာရင်းများအပေါ် အခြေပြု၍ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဌာနအဖွဲ့အစည်းများသည် လျာထားချက်၏ သာမန်ရငွေအပိုင်းတွင် ၉၇ ဒသမ ၄၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေ အပိုင်းတွင် ၈၀ ဒသမ ၃၇ ရာခိုင်နှုန်း၊ ကြွေးမြီရငွေအပိုင်းတွင် ၆၃ ဒသမ ၃၈ ရာခိုင်နှုန်း၊ စုစုပေါင်းရငွေတွင် ၉၄ ဒသမ ၇၆ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဌာန အဖွဲ့အစည်းများသည် လျာထားချက်၏ သာမန်သုံးငွေအပိုင်းတွင် ၁၀၂ ဒသမ ၂၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းသုံးငွေ အပိုင်းတွင် ၁၂၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ ကြွေးမြီသုံးငွေအပိုင်းတွင် ၆၂ ဒသမ ၂၅ ရာခိုင်နှုန်း၊ စုစုပေါင်းသုံးငွေတွင် ၁၀၆ ဒသမ ၀၇ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာအစီရင်ခံစာပါ ရငွေနှင့်အသုံး

စာမျက်နှာ ၇ ကော်လံ ၄ ❒

ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲသာမက ၂၀၁၅ အထွေထွေရွေးကောက်ပွဲကိုပါ ဘက်လိုက်မှုမရှိ မျှတစွာဆောင်ရွက်သွားမည်

စာမျက်နှာ » ၈

စင်ကာပူနိုင်ငံသို့ အိမ်အကူလုပ်သားအဖြစ်ရောက်ရှိနေသူ မြန်မာနိုင်ငံသားများအားလုံးကို စင်ကာပူနိုင်ငံဆိုင်ရာမြန်မာသံရုံးက ကူညီသွားမည်

စာမျက်နှာ » ၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာအမျိုးသမီးများ၏ဂုဏ်

“ယဉ်မျိုးထပ်စုံ၊ လှမျိုးကုန်၍၊ သွန်းပုံသိင်္ဂီ၊ စုံညီငါးအင်၊ ရွှန်းမြေ့ရှင်သည်”ဟု စာဆိုရှင်ဝန်ကြီးပဒေသရာဇာက မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးလှပပုံများကို သီကုံးရေးဖွဲ့ခဲ့လေသည်။ မြန်မာအမျိုးသမီးများသည် ယဉ်ကျေးသောအမူအရာ၊ ယဉ်ကျေးသောအပြောအဆို၊ ယဉ်ကျေးသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတို့ဖြင့် လှပနေကြသူများပင် ဖြစ်ပါသည်။ မြန်မာအမျိုးသမီးတို့သည် အလှတွင်အယဉ်ဆင့် တင့်တယ်သူများအဖြစ် ကမ္ဘာကသိမြင်ထားပါသည်။

မကြာမီက ရန်ကုန်မြို့တွင် “ယဉ်ကျေးစုံစွာ မျိုးမြန်မာ၊ ရိုးရာခြယ်သ တိုင်းရင်းညီအစ်မ” ခေါင်းစဉ်ဖြင့် မြန်မာတိုင်းရင်းသူအမျိုးသမီးလေးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတစ်ရပ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ကို သတိပြုမိပါသည်။ မြန်မာအမျိုးသမီးများ ယဉ်ကျေးစွာဝတ်စားဆင်ယင်ခြင်းဖြင့် အမျိုးဂုဏ်ဇာတိဂုဏ်ကိုမြှင့်တင်လိုရင်းသည် အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။

ဝတ်စားဆင်ယင်မှုသည် လူမျိုးတစ်မျိုးချင်းစီ၏ ဂုဏ်ကိုထင်ဟပ်စေလျက်ရှိပါသည်။ မည်သည့်တိုင်းပြည် မည်သည့်လူမျိုးမဆို ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်း၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဟူ၍ ရှိပါသည်။ ဤဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည် လူမျိုးတစ်မျိုး၏ ကိုယ်ပိုင်အမှတ်လက္ခဏာဖြစ်ပါသည်။ ကိုယ်ပိုင်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမရှိလျှင် ယဉ်ကျေးမှုလည်း ကွယ်ပျောက်မည်ဖြစ်ပါသည်။ ယဉ်ကျေးမှုမရှိလျှင် လူမျိုးလည်းရှိနိုင်တော့မည်မဟုတ်ပါ။ ထို့ကြောင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည် လူမျိုးတစ်မျိုး သို့မဟုတ် တိုင်းပြည်တစ်ပြည်အတွက် အရေးကြီးသောကိစ္စပင်ဖြစ်ပါသည်။

ဤသို့ ဝတ်စားဆင်ယင်မှုဖြင့် ယဉ်ကျေးမှုကိုထိန်းသိမ်းရာတွင် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုသည် အဓိကအခန်းကဏ္ဍတွင်တည်ရှိနေပါသည်။ ဤနေရာတွင် ရုပ်ရှင်၊ ဂီတ၊ ရုပ်မြင်သံကြားအစရှိသဖြင့် အနုပညာယဉ်ကျေးမှုလောကသားများ၏ ဦးဆောင်လမ်းပြမှုသည် အရေးကြီးဆုံးဖြစ်ပါသည်။ လျှပ်ပေါ်လော်လည် ဝတ်စားဆင်ယင်ပြသမှုများဖြင့် ယဉ်ကျေးမှုကို ထိန်းနိုင်မည်မဟုတ်ပါ။ ယဉ်ကျေးစွာ ဆင်ယင်ထုံးဖွဲ့မှုများကသာ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဟု သတ်သတ်မှတ်မှတ် ကျင်းပပေးနေခြင်းသည် အမျိုးဂုဏ်ကိုစောင့်ထိန်းတတ်ပြီး ယဉ်ကျေးသိမ်မွေ့သော မြန်မာအမျိုးသမီးများ၏ဂုဏ်ကို မြှင့်တင်သွားရန်ပင်ဖြစ်ပါသည်။ ယဉ်ကျေးစွာဝတ်ဆင်ခြင်းသည် မြန်မာအမျိုးသမီးများ၏ဂုဏ်ဖြစ်ပါသည်။ ဂုဏ်ကျက်သရေရှိသော မြန်မာအမျိုးသမီးကောင်းများဖြစ်အောင် ယဉ်ကျေးသော ဝတ်စားဆင်ယင်မှုကို အမြတ်တနိုး ဝတ်ဆင်အပ်ပါပေကြောင်း။ ။

ပညာသင်ထောက်ပံ့ကြေးပေးအပ်

မူဆယ် ဇူလိုင် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇွန် ၃၀ ရက်က ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့်မြို့နယ်ထွေ/အုပ်ရုံးဝန်ထမ်းများ၊ ရပ်/ကျေးဝန်ထမ်းများ၊ ဝန်ထမ်းသားသမီးကျောင်းသား ကျောင်းသူများတက်ရောက်ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီး တက္ကသိုလ်ဝင်တန်းနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၂၇ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သိန်းဇော်(ရွှေလီဦး)

ပြည်တွင်းသတင်း

ရေစကြိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ဇွန် ၂၇ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည်ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာအုပ်စု ဆင်တန့်နားကျေးရွာ ဆိုလာမီးလင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး **(အောက်ပုံ)**ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများတွင် မီးလင်းစေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရပ်ရွာဒေသအတွင်းရှိ ကလေးငယ်များပညာရေးတွင် တစ်ထောင့်တစ်နေရာမှ ပိုမိုကောင်းမွန် ပြည့်စုံတိုးတက်လာစေရန်နှင့် ဗဟုသုတတိုးတက်လာစေရန် ရည်ရွယ်၍ မီးလင်းရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ ခေတ်နှင့်အညီ တိုးတက်လာစေရန် ပိုမိုအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာနှင့်ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိရပ်ရွာဒေသပိုမိုကောင်းမွန်တိုးတက်လာစေရန်၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ဖွံ့ဖြိုးကောင်းမွန်စေရန် အလေးဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာပြည်သူများအတွက် Sky Net ရုပ်သံဖမ်းစက်၊ ဆေးဝါးပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက္ကာကျေးရွာအုပ်စု ကျောက်တံခါးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာမီးလင်းရေး အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာမီးလင်းလာခြင်းဖြင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင် မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပညာရေးကဏ္ဍတွင် ပိုမိုကောင်းမွန်သည့် အထောက်အကူပြုမှုတစ်ခု ဖြစ်လာနိုင်စေမည်ဖြစ်ပါကြောင်း။

မိမိတို့နေထိုင်ရာ ရပ်ရွာဒေသ၊ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်လာစေရန် ကိုယ်စီကိုယ်င တာဝန်ကိုယ်စီရှိသည်ဟုခံယူကာ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိအဆင့်နှင့်လျော်ညီသည့် နေထိုင်မှုမျိုးဖြင့် လိုက်လျောညီထွေကျင့်ကြံနေထိုင်ကြရန် လိုအပ်ပါကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ သင့်တင့်မျှတစွာ သုံးစွဲနေထိုင်သွားတတ်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက္ကာကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆင်ချောင်းကျေးရွာ ပုံ့သကူကျောင်းတိုက်တွင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင် ဆောက်လုပ် လှူဒါန်းထားသည့် ဝန်ကြီးဓမ္မာရုံ၌ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းအဖြစ် ကရင်ဒိုးယိမ်းအက၊ ကဗျာလွတ်အက လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးသည်။

ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်ကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကျွမ်းကျင် ပညာရှင်များ၊ ဆရာ ဆရာမများက တစ်လတိတိ နေ့စဉ်မပျက်စနစ်တကျ သင်ကြားလေ့ကျင့်ပေးခဲ့သည့် အဆိုပါ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း အစီအစဉ်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၏ အစီအမံတစ်ခုဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုများ ကျောင်းသားလူငယ်များကြားတွင် ပိုမိုတိုးတက်ခိုင်မာလာစေရန် ရည်ရွယ်သည့်အပြင် ကိုယ်လက်ကြံ့ခိုင်ပြီး ပိုမိုတောင့်တင်းကျန်းမာစေရေးကိုလည်း ရည်ရွယ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆရာ ဆရာမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဘိုးဘွားရိပ်သာ အဘွားဆောင်သစ်တည်ဆောက်

စစ်တွေ ဇူလိုင် ၂

ရခိုင်ပြည်နယ် စစ်တွေမြို့ ဓညဝတီရပ်ကွက်ရှိ ပြည်နယ်ဘိုးဘွားရိပ်သာကို ၁၉၇၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၄ ခုနှစ် မတ် ၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ပြည်နယ်အတွင်း နေရာဒေသများမှ အသက်အရွယ်ကြီး၍ ခိုကိုးရာမဲ့ အဘိုးကိုးဦး၊ အဘွား ၁၉ ဦး စုစုပေါင်း ၂၈ ဦးတို့အား စားရေး၊ ဝတ်ရေး၊ နေရေး၊ ကိုယ်စိတ်ပျော်ရွှင်ရေးနှင့် ကုသိုလ်ကောင်းမှုပြုရေးတို့ဖြင့် ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

ယခုအခါ အဘိုး၊ အဘွားများအား ပိုမိုလက်ခံပြုစုစောင့်ရှောက်ပေးနိုင်ရန်အတွက် အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ RC တစ်ထပ် အဘွားဆောင်ကို ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအသင်းက ရိပ်သာရန်ပုံငွေနှင့် စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ၂၀၁၄ ခုနှစ် မေလအတွင်းမှစ၍တည်ဆောက်လျက်ရှိပြီး အဘွားဆောင် တည်ဆောက်မှုအတွက် ရပ်ဝေးရပ်နီးမှ စေတနာရှင်များအနေဖြင့် ထည့်ဝင်လှူဒါန်းလိုပါက ဖုန်း- ၀၄၃-၂၀၅၈၉နှင့် ၀၉-၄၉၆၄၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ပြည်တွင်းသတင်း

✳ရှေ့ဖုံးမှ

အကျိုးခံစားကြရမှာလည်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဇွန်လ ၁၀ ရက်နေ့က ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများကို ခေါ်ယူတွေ့ဆုံပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ ဒီမိုကရေစီအရေးတည်ဆောက်မှုအခြေခိုင်မာရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝများမြှင့်တင်ဖို့ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကိစ္စရပ်များနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများရဲ့ စွမ်းဆောင်ရည်မြင့်မားရေးကိစ္စတွေဟာ အထူးအရေးပါတာကို တွေ့ရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အောက်ခြေအဆင့်ဆင့်ထိ ပျံ့နှံ့ရောက်ရှိဖို့အတွက် အခြေခံကျတဲ့မြို့နယ်များမှာ မြို့နယ်ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ စဉ်ဆက်မပြတ်ထိတွေ့ပြီး ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုစနစ် ပိုမိုတိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများကို နိုင်ငံအနှံ့ လှည့်လည်ကြည့်ရှုပြီး ပြည်သူများနဲ့တွေ့ဆုံဆွေးနွေးစေဖို့နဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် အစိုးရများလည်း အလားတူပဲ ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံဖို့ ညွှန်ကြားထားပါတယ်။

ပြည်သူများအနေနဲ့ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ စီမံခန့်ခွဲအုပ်ချုပ်မှု ထိရောက် အားကောင်းဖို့အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ မမှန်မကန်ဆောင်ရွက်မှုများတွေ့ရှိခဲ့လျှင် အဆင့်ဆင့်တိုင်ကြားကြဖို့နဲ့ အရပ်ဘက် အဖွဲ့အစည်းများအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

လက်ရှိကျွန်တော်တို့ဖြတ်သန်းနေရတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ရှင်သန်ရေးအတွက် တာဝန်ရှိသူအားလုံးကို လက်တွဲခေါ်ဆောင်ခြင်းဆိုတဲ့ အခြေခံမူများနဲ့ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဖို့ အစဉ်ကြိုးပမ်းခဲ့ပါတယ်။

အဓိကကတော့ ကျွန်တော်တို့ဖြတ်သန်းနေရတဲ့ဖြစ်စဉ်များဟာ မိမိတို့တစ်ဦးချင်းစီအတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားနေရတဲ့ အခြေအနေများဖြစ်တဲ့အတွက် ဒါတွေကိုလက်ခံပြီး အမှားအယွင်းများကို ပြင်ဆင်ခွင့်ပေးတဲ့နည်းလမ်းများနဲ့ လက်တွဲခေါ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် အန္တရာယ်ရှိလာတဲ့အဆင့်ဖြစ်လာမှသာ ထိရောက်တဲ့အရေးယူမှုတွေကို ပြုလုပ်ခဲ့ရတာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အလေးအနက်ယုံကြည်တာကတော့ အသစ်အသစ်သော စိန်ခေါ်မှုများနဲ့ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းအဖြေရှာခြင်းများကသာလျှင် နည်းလမ်းမှန်များဖြစ်တယ်ဆိုတဲ့အချက်ဖြစ်ပြီး အစဉ်ခံယူကျင့်သုံးလျက်လည်းရှိပါတယ်။

လက်ရှိပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးလျက်ရှိတဲ့ အမျိုးသားပညာရေးဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော့်ရဲ့သဘောထားအချို့ကို ပြောကြားလိုပါတယ်။ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် အမျိုးသားပညာရေးဥပဒေမူကြမ်းနဲ့ ပညာရေးမူဝါဒများကို ပြီးခဲ့တဲ့နှစ်ကတည်းက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုနဲ့ ရရှိလာခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အထူးအလေးအနက်ထား ပြောကြားလိုတဲ့ အချက်ကတော့ အခုဆွေးနွေးတိုင်ပင်နေကြတဲ့ အမျိုးသားပညာရေးမူကြမ်းဟာ လုံးဝပြီးပြည့်စုံတဲ့မူဝါဒဖြစ်တယ်လို့ သတ်မှတ်ခြင်းမဟုတ်ဘဲ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲဖို့အတွက် ပထမဆုံးခြေလှမ်းတစ်ရပ်အဖြစ် စတင်လျှောက်လှမ်းခဲ့ရာကနေ အဆင့်ဆင့်ဖြစ်ထွန်းတိုးတက်လာတဲ့ ရလဒ်တစ်ခုပဲဖြစ်တယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

ဇွန်လ ၁၉ ရက်နေ့က ကျန်းမာရေးကဏ္ဍဆိုင်ရာ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာအစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အဓိကအားဖြင့်တော့ ပြည်သူလူထုတစ်ရပ်လုံးကိုလွှမ်းခြုံမှုရှိတဲ့ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်တစ်ရပ်ပေါ်ပေါက်ဖို့ လိုအပ်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ အစပျိုးဆောင်ရွက်ဖို့စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဟာ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သော်လည်း အခုလိုကြီးမားကျယ်ပြန့်တဲ့ စီမံဆောင်ရွက်မှုမျိုးဟာ နေ့ချင်းညချင်း အကောင်အထည်ပေါ်ဖို့ ခက်ခဲတာဖြစ်တဲ့အတွက် ကြားကာလမှာလည်း ပြည်သူဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များကိုလည်းတစ်ပြိုင်တည်း စီမံဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း အသိပေးပြောကြား လိုပါတယ်။

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူတဲ့အချိန်ကစပြီး ချောမွေ့ညင်သာတဲ့ အသွင်ကူးပြောင်းရေးဖြစ်စေဖို့နဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တစ်ဆင့်ပြီး တစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် အထူးအလေးထား ဆောင်ရွက်ခဲ့ရတာကတော့ နိုင်ငံရေးတည်ငြိမ်မှု ရှိရေးပဲဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အသွင်ကူးပြောင်းရေးဆောင်ရွက်ရာမှာ ကြုံတွေ့ရလေ့ရှိတဲ့ မတည်ငြိမ်မှုများနဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပြီး အထူးသဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စဟာ ပြည်တွင်းအခြေအနေများနဲ့သာမက နိုင်ငံတကာအခြေအနေများနဲ့ပါ ဆက်စပ်နေတာဖြစ်တဲ့အတွက် သိမ်မွေ့စွာကိုင်တွယ်ဆောင်ရွက်ခဲ့ရပါတယ်။

ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်ရဲ့ အေးချမ်းတည်ငြိမ်ရေး၊ ပြည်သူ့ဘဝလုံခြုံရေးနဲ့ ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် အစဉ်အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံရေးအရလိုအပ်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကို လုပ်ဆောင်နေသလို အုပ်ချုပ်ရေးနည်းလမ်းများနဲ့ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းများကိုလည်း ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့ အဖွဲ့အစည်းများစသည်ဖြင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူအသီးသီးနဲ့ တိုင်ပင်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် လာမယ့်ကာလများမှာ နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ ဒေသအခြေအနေများကို မှန်ကန်စွာထင်ဟပ်စေမယ့် ထိရောက်တဲ့ပူးပေါင်းဆောင်ရွက်မှုတွေကို ပွင့်လင်းမြင်သာမှုရှိရှိ၊ မျှတမှုရှိရှိ ပြုလုပ်သွားကြဖို့ တိုက်တွန်းပြောကြားအပ်ပါတယ်။

အခုအချိန်မှာ နိုင်ငံတော်အနေနဲ့ နယ်စပ်လုံခြုံရေးအတွက် လိုအပ်တဲ့ တည်ဆောက်မှုများပြုလုပ်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းနဲ့ ရခိုင်ပြည်နယ်အတွင်းမှာလည်း နိုင်ငံသားဖြစ်မှုဆိုင်ရာကိစ္စရပ်များကို ဥပဒေနဲ့အညီဖြစ်စေဖို့ ဒီလိုဆောင်ရွက်ရာမှာလည်း ဒေသခံပြည်သူများရဲ့သဘောထား၊ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားနဲ့ ရခိုင်ပြည်နယ်ရဲ့ ရေရှည်အကျိုးစီးပွားအားလုံးလွှမ်းခြုံမှုရှိစေဖို့လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်နေရတဲ့အကြောင်း အသိပေး ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပြုပြင်ပြောင်းလဲရေးများနဲ့အတူ ကမ္ဘာ့မိသားစုအတွင်း ပြန်လည်ဝင်ရောက်ရေးကြိုးပမ်းမှုများလည်း အဆင့်ဆင့်ဖြစ်ထွန်းတိုးတက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဇွန်လကုန်ပိုင်းက သွားရောက်ခဲ့တဲ့ ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ် နှစ်(၆၀)ပြည့် အခမ်းအနားကို တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဒီငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို မြန်မာနိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့နဲ့အတူ ဦးဆောင်ချမှတ်ခဲ့တာဖြစ်ပြီး ကုလသမဂ္ဂရဲ့ အဓိကနိုင်ငံတကာကြေညာချက်တွေမှာပါ ပါဝင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနဲ့သာမက ကမ္ဘာ့မိသားစုဝင်နိုင်ငံများအားလုံးနဲ့ မဟာဗျူဟာကျတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဒီလိုနိုင်ငံမျိုးမှာ နိုင်ငံသားအားလုံးအနေနဲ့ တစ်ဦးနဲ့တစ်ဦးသဟဇာတရှိရှိနေထိုင် ပူးပေါင်းဆောင်ရွက်နိုင်မှသာ တိုင်းပြည်အတွင်းမှာ တည်ငြိမ်အေးချမ်းမှုများရှိပြီး လက်ရှိဖော်ဆောင်နေတဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို အောင်မြင်နိုင်ဖို့အတွက် တိုင်းပြည်အတွင်းမှာရှိတဲ့ ပြည်သူများအကြားမှာ မုန်းတီးမှုများဖြစ်ပွားစေမယ့် ပြုမူပြောဆိုရေးသားမှုများနဲ့ လှုံ့ဆော်မှုများကို ရှောင်ရှားကြဖို့ တိုက်တွန်းအပ်ပါတယ်။ နိုင်ငံသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း အမုန်းတရားတွေကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားပြီး ပြည်သူတွေဒုက္ခမျိုးစုံ တွေ့ကြုံနေကြရတာကို ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေပါတယ်။ ဒါကြောင့် နိုင်ငံသားများအကြား အမုန်းတရားများ ပွားများစေမယ့် အပြုအမူ၊ အပြောအဆို၊ အရေးအသားများကို ကျွန်တော်တို့လူ့အဖွဲ့အစည်းအနေနဲ့ ရှုတ်ချပြစ်တင် ဆန့်ကျင်ကြရမှာလည်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်လျက်ရှိတဲ့ အကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး (AMM)နှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့်မီဒီယာများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (47th ASEAN Foreign Ministers Meeting-AMM)နှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www. asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 47th ASEAN Foreign Ministers Meeting (AMM)ကို နှိပ်၍ Registration Link ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး GO ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို ဇူလိုင် ၃၁ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ သံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန ဖုန်း ၀၆၇- ၄၁၂၂၂၇၊ ၀၆၇-၄၁၂၃၆၀ တို့သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့် ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ ရှေ့ဖုံး ပုံစာတွင်ပါ "ဟေနန်ပြည်နယ် လော့ယန်မြို့ ဆင်ဖြူကျောင်းတိုက်အတွင်း" အစား "ဟေနန်ပြည်နယ် လော့ယန်မြို့ မြင်းဖြူကျောင်းတော်အတွင်း"ဟု သတင်းစာဖတ်ပရိသတ်များ ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဒေါက်တာသိန်းကျော်မိုး (အထူးကုဆရာဝန်ကြီး၊ ခါတ်မှန်၊ ဖျာပုံဆေးရုံကြီး)၊ ဒေါ်ခင်ချိုချိုဝင်းတို့၏ သမီး အထက(၂)ရန်ကင်းမှ မဆွေသက်လျှာဝင်းသည် ဘက်စုံပညာထူးချွန်(လူရည်ချွန်) နှစ်ထပ်ကွမ်း ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူး (ရမှတ်-၅၅၀)ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

ဘိုးဘိုးကြီး ဦးသိန်းဟန်-ဘွားဘွားကြီး ဒေါ်တင်ညို
တီတီ၊ ဦးစိုးစိုး-အန်တီလင်းလင်း၊ ဦးတိုး
ဘိုးဘိုးကြီး (ဦးဝင်းဖေ)-ဘွားဘွားကြီး ဒေါ်အေးအေးမြင့်
ဦးစိုး- အန်တီဝါ၊ ဦးရဲဝင်း- အန်တီချစ်၊ ဦးဇော်- အန်တီရတနာ
ကိုကို မြတ်သန့်ဇော်

ဖြန့်ချိရေး Infinity Investment Co., Ltd.

နိုင်ငံတကာသတင်း

ကဘူးလ်တွင် စစ်ယာဉ်တန်းကို အသေခံဗုံးခွဲမှုဖြစ်ပွား

ကဘူးလ် ဇူလိုင် ၂

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်တွင် စစ်ယာဉ်တန်းကို အသေခံဗုံးခွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သော အဆိုပါ ပေါက်ကွဲမှုသည် ကဘူးလ်တက္ကသိုလ်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအချို့ ဒဏ်ရာရရှိခဲ့သည်။

ပြီးခဲ့သော ဇွန်လက အာဖဂန်သမ္မတလောင်း အဗ္ဗဒူလာစီးနင်းလိုက်ပါလာသော ယာဉ်တန်းကို အသေခံဗုံးခွဲခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ပြီး ၎င်းမှာ လွတ်မြောက်သွားခဲ့သည်။

အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့များအနေဖြင့် ၂၀၁၄ အကုန်တွင် ပြန်လည် ဆုတ်ခွာသွားမည်ဖြစ်ပြီး ယခုဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှုတွင် အသေခံဗုံးဖောက်ခွဲသူသည် အာဖဂန်အမျိုးသားတပ်ဖွဲ့ယာဉ်တန်းကို ပစ်မှတ်ထားဖောက်ခွဲခဲ့ခြင်း ဖြစ်ပြီး တပ်မတော်အရာရှိ ငါးဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်တန်းသည် အာဖဂန် အမျိုးသားတပ်မတော် လေတပ်မှဖြစ်ပြီး တပ်ဖွဲ့ဝင်လေးဦးနှင့် ဒေသခံငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ပြင်းထန်သည့် ပေါက်ကွဲသံဖြစ်ပေါ်လာပြီးနောက် မီးခိုးနှင့် ဖုန်မှုန့်များ အဆိုပါနေရာတစ်ဝိုက်တွင် ဖုံးအုပ်နေခဲ့ကြောင်း ဒေသခံတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အာဖဂန်ပြည်သူများအနေဖြင့် လာမည့်ရွေးကောက်ပွဲအလွန်တွင် လက်ရှိ သမ္မတဖြစ်သော ဟာမစ်ကာဇိုင်းနေရာတွင် မည်သူသမ္မတဖြစ်လာမည်ကို သိရှိလိုကြသည်။

အဗ္ဗဒူလာမှာ ၎င်း၏ပြိုင်ဘက်ဖြစ်သော ဂန်နီက မဲအရေအတွက်လိမ်လည်သည်ဟူသော စွပ်စွဲမှုကို ခံနေရသည်။ **ဘီဘီစီ**

အီရတ်နိုင်ငံ ကာဒစ္စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရ၏ထောက်ခံမှုဖြင့် လွတ်လပ်ရေးကြေညာရန်စီစဉ်နေ

ကာဒစ္စတန် ဇူလိုင် ၂

ကာဒစ္စတန်ဒေသဆိုင်ရာအစိုးရတစ်စိတ်တစ်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဥက္ကဋ္ဌ မာဆောက်ဘာဇာနီသည် အစိုးရဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ကာဒစ်လွတ်လပ်ရေးအတွက်ထောက်ခံခဲ့ပြီးနောက် လွတ်လပ်ရေး ကြေညာရန် လူထုဆန္ဒခံယူပွဲပြုလုပ်သွားရန်စီစဉ်နေကြောင်း ကြေညာလိုက်သည်။

မိမိတို့အနေဖြင့် လာမည့်လများအတွင်းကာဒစ္စတန်၏ အနာဂတ်နှင့် ပတ်သက်၍ လူထုဆန္ဒခံယူပွဲကျင်းပသွားနိုင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်နေကြောင်း အင်္ဂါနေ့က ဘီဘီစီနှင့်တွေ့ဆုံရာတွင် ဘာဇာနီကပြောကြားလိုက်သည်။

ကာဒစ္စတန်၏အခွင့်အရေးသည် လွတ်လပ်ရေးအောင်မြင်စွာရယူသွားရန်ပင်ဖြစ်ကြောင်း ဘာဇာနီကပြောသည်။ “ ကျွန်တော်တို့ရဲ့အနာဂတ်ရည်မှန်းချက်ကို ဖုံးကွယ်ထားရန် အကြောင်းမရှိပါဘူး။ ကျွန်တော်တို့မကြာမီလများမှာ လူထုဆန္ဒခံယူပွဲကျင်းပသွားမှာပါ” ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ဘာဇာနီ၏မှတ်ချက်မထွက်လာမီ ဇွန် ၁၉ရက်တွင် အစိုးရဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ကာဒစ်နိုင်ငံထူထောင်ရေးအတွက် ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

“ ကျွန်တော်တို့ ကာဒစ်တွေ လွတ်လပ်ရေးအတွက် ထောက်ခံသင့်ပါတယ်” ဟု နေတန်ယာဟု၏ ကြေညာချက်တွင်ဖော်ပြသည်။

အီရတ်သမ္မတဟောင်းဆက်ဒမ်ဟူစိန်ကျောထောက်နောက်ခံပြုသော ဘတ်ပါတီမှ ထိပ်တန်းစစ်ဘက်တပ်မှူးများက အကူအညီပေးနေသည့် အီရတ်တက်ဖရီစစ်သွေးကြွများက ဘဂ္ဂဒက်ကိုသိမ်းရန် ရည်ရွယ်ချက်ဖြင့်အီရတ်မြောက်ပိုင်း ပြည်နယ်များကို တိုက်ခိုက်လျက်ရှိသည်။

ဘာဇာနီသည် အိုင်အက်စ်အိုင်အက်စ် စစ်သွေးကြွများ၊ ဘတ်ပါတီမှတပ်မှူးများနှင့် ပူးပေါင်းကာ အီရတ်မြောက်ပိုင်း ပြည်နယ်သုံးခုတွင် တိုက်ခိုက်သွားရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က အီရတ်နိုင်ငံကာဒစ္စတန်ဒေသကို ၁၉၈၈ ခုနှစ်မတ်လအတွင်းဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ **ပရက်စ်တီဗွီ**

ဟောင်ကောင်၌ ဒီမိုကရေစီဆန္ဒပြသူများအားဖမ်းဆီး

ဟောင်ကောင် ဇူလိုင် ၂

ဟောင်ကောင်ရဲအဖွဲ့က မြို့ပေါ်စီးပွားရေးအချက်အချာကျရာနေရာ၌ ဒီမိုကရေစီလိုလားသည့် ဆန္ဒပြသူများ ၅၀၀ ကျော်ကို ဖမ်းဆီးလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဆန္ဒပြသူများအားတရားမဝင်စုရုံးမှု၊ ရဲတပ်ဖွဲ့ဝင်များအား ဟန့်တားနှောင့်ယှက်မှုဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲအဖွဲ့ကပြောသည်။

ထောင်ပေါင်းများစွာသော ဆန္ဒပြသူများသည်အင်္ဂါနေ့က ချီတက်ဆန္ဒပြရာ ဟောင်ကောင်တွင်ဆယ်စုနှစ်များအတွင်း အကြီးမားဆုံးဒီမိုကရေစီတောင်းဆိုဆန္ဒပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆန္ဒပြမှုကို ၁၉၉၇ ခုနှစ်က ဟောင်ကောင်နှင့်တရုတ်နိုင်ငံတို့ပြန်လည်ပေါင်းစည်းခဲ့သည့် နှစ်ပတ်လည်အထိမ်းအမှတ်ကျင်းပစဉ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆန္ဒပြပွဲတွင် ပါဝင်ဆန္ဒပြသူပေါင်း ၅၁၀၀၀၀ ခန့်ရှိသည်ဟု ဆန္ဒပြပွဲစီစဉ်ကြီးကြပ်သူများက ဆိုသည်။ သို့သော်လည်း ယင်းဆန္ဒပြမှုတွင် ဆန္ဒပြသူ ၉၈၆၀၀ သာရှိကြောင်း ရဲအဖွဲ့က ပြောသည်။

အဓိက ချီတက်ဆန္ဒပြမှုကြီးအဆုံးတွင် မြို့လယ်ကောင်၌ ရာပေါင်းများစွာသော ဆန္ဒပြသူများက သပိတ်စခန်းဖွင့်၍ ဆက်လက်ဆန္ဒပြခဲ့ကြသည်။ ယင်းကဲ့သို့ သပိတ်စခန်းဖွင့်၍ဆန္ဒပြခြင်းသည် တရားမဝင်ကြောင်း၊ ဗုဒ္ဓဟူးနေ့အစပိုင်းတွင် ယင်းနေရာမှ အချို့ကို စတင်ဖယ်ရှားခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

အချို့သောဆန္ဒပြသူများသည် ယင်းတို့အား ရဲအဖွဲ့မှ ဖယ်ရှားခြင်းမပြုနိုင်အောင် လက်နက်များ ကိုင်ဆောင်ထားကြသည်ဟု ဆိုသည်။ အမျိုးသား ၃၅၁ ဦးနှင့် အမျိုးသမီး ၁၆၀ စုစုပေါင်း ၅၁၁ ဦးအား ဖမ်းဆီးထားကြောင်း ရဲအဖွဲ့က ပြောသည်။

ဘီဘီစီ

တရုတ်သမ္မတ တောင်ကိုရီးယားသွားရန် ပြင်ဆင်နေချိန် မြောက်ကိုရီးယားက ဒုံးကျည်များ အဆက်မပြတ်စမ်းသပ်

ဆိုးလ် ဇူလိုင် ၂

မြောက်ကိုရီးယားနိုင်ငံမှ မကြာသေးမီက ဒုံးကျည်စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်လာရာ နောက်ဆုံးစမ်းသပ်မှုအဖြစ် တာတိုပစ်ဒုံးကျည်နှစ်လုံးမကပင်လယ်အတွင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ ယင်းဒုံးကျည်များကို အရှေ့ဘက်ကမ်းရိုးတန်းမှ ပစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကွာအဝေးမိုင် ၁၁၀ ကွာဝေးသောရေပြင်အတွင်း ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက် သတင်းရပ်ကွက်က ပြောကြားသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် တောင်ကိုရီးယားနိုင်ငံသို့သွားရောက်လည်ပတ်ရန်ပြင်ဆင်နေချိန် မြောက်ကိုရီးယား၏ဒုံးပျံစမ်းသပ်မှုများ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဂျပန်က ပြုံယမ်းကို ယင်းကဲ့သို့ စမ်းသပ်မှုများ ရပ်တန့်ရန် တိုက်တွန်းလိုက်ပြီး တစ်ရက်အကြာ ၎င်းစမ်းသပ်မှုပေါ်ထွက်လာခြင်းဖြစ်သည်။ မြောက်ကိုရီးယားက ရန်လိုတိုက်ခိုက်မှုများအဆုံးသတ်ရန်ကမ်းလှမ်းခဲ့ခြင်းအပေါ် ဆိုးလ်ကငြင်းဆိုခဲ့သည်။

အဆိုပါဒုံးကျည်နှစ်လုံးကို အင်္ဂါနေ့တွင် ဝမ်ဆန်မြို့အရှေ့ပိုင်းအနီးမှ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် အလားတူ ဇွန် ၂၆ ရက်နှင့် ၂၉ ရက်များတွင်လည်း စမ်းသပ်မှုများပြုလုပ်ခဲ့သည်။ **ဘီဘီစီ**

ဆယ်ကျော်သက်များအသတ်ခံရမှု လက်တုံ့ပြန်မည်ဟု အစ္စရေးပြော

တဲလ်အဗစ် ဇူလိုင် ၂

သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသ၌ ဆယ်ကျော်သက်သုံးဦးပြန်ပေးဆွဲသတ်ဖြတ်သူများနောက်ကွယ်ရှိသူများအား ရှာဖွေသွားရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက သန္နိဋ္ဌာန်ချထားသည်။

အဆိုပါ ဆယ်ကျော်သက်ကလေးများ အသတ်ခံရမှုအပေါ် အပြစ်ပြောဆိုခံနေရသည့် ပါလက်စတိုင်းစစ်သွေးကြွအုပ်စု ဟားမတ်စ်အဖွဲ့အား ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ကတိပြုပြောဆိုလိုက်သည်။ သို့ရာတွင် ဟားမတ်စ်က ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသည်။

အင်္ဂါနေ့က မိုဒိန်း၌ကျင်းပသော အဆိုပါဆယ်ကျော်သက်သုံးဦး၏ ဈာပနအခမ်းအနားသို့ ထောင်နှင့်ချီသော ပရိသတ်များတက်ရောက်ခဲ့သည်။ ဆယ်ကျော်သက်များ၏ ရုပ်အလောင်းများကို တနင်္လာနေ့ညနေပိုင်းက တွေ့ရှိခဲ့သည်။ ယင်းတို့သုံးဦးသည် လွန်ခဲ့သောနှစ်ပတ်က ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

စင်ကာပူနိုင်ငံသို့ အိမ်အကူလုပ်သားအဖြစ် ရောက်ရှိနေသူများအပါအဝင် မြန်မာနိုင်ငံသားများအားလုံးကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇူလိုင် ၂

စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူးဦးသက်ထွန်း၊ ပထမအတွင်းဝန် (ကောင်စစ်တာဝန်ခံ) ဒေါ်ထွေးထိပ်တင်လွင်နှင့် တတိယအတွင်းဝန် ဦးမြတ်ညီညီဝင်းတို့သည် ဇူလိုင် ၁ ရက်တွင် စင်ကာပူမြို့ရှိ Bukit Timah Shopping Centre ရှိ မြန်မာအိမ်အကူများရှိရာ အေဂျင်စီများကို သွားရောက်တွေ့ဆုံပြီး သွားရောက်စုံစမ်းမေးမြန်းခဲ့ကြောင်း သိရှိရသည်။

သံမှူး ဦးသက်ထွန်းနှင့်အဖွဲ့သည် Ministry of Manpower မှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးသွားရန်ရှိကြောင်း၊ ထိုသို့သွားရောက်တွေ့ဆုံလျှင် အေဂျင်စီများ၏ လုပ်ဆောင်မှုများ၊ သရုပ်ပြသခြင်းများသည် လူသားတစ်ဦး၏ဂုဏ်သိက္ခာ ကျဆင်းစေနိုင်ကြောင်းဖြင့် ထည့်သွင်းဆွေးနွေး ပြောကြားသွားမည်ဟု သတင်းရရှိသည်။

အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးနှင့်ဆက်သွယ်၍ အဆိုပါကိစ္စကို ဆောင်ရွက်နေကြောင်း သိရသည်။

စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများအနေဖြင့် အိမ်အကူလုပ်သားအဖြစ် အလုပ်လုပ်ကိုင်ရန် စင်ကာပူနိုင်ငံသို့ နည်းလမ်းအမျိုးမျိုး၊ နေထိုင်ခွင့်ပုံစံအမျိုးမျိုးဖြင့် ရောက်ရှိနေသော မြန်မာအမျိုးသမီးငယ်များအပါအဝင် မြန်မာနိုင်ငံသားများအား ဥပဒေဘောင်အတွင်းမှ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရန်နှင့် နိုင်ငံသားများအားဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၇၃) ကြိမ်မြောက်

ဗဟိုကောင်စီ အစည်းအဝေး

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

စုဝေးခန်းမ

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၊ နေပြည်တော်

(၇၃)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးနှင့် ကောဒသမကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာညီလာခံကျင်းပမည်

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၃)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးနှင့် ကောဒသမကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ၂၀၁၄ ခုနှစ် ဇူလိုင် ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ဖိတ်ကြားထားသူများနှင့် ကြက်ခြေနီလူငယ်ကိုယ်စားလှယ်များတက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ပညာပေးဟောပြော ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများလှူဒါန်း

နေပြည်တော် ဇူလိုင် ၂

မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း (MWCDF)ဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာရှိ ရတနာစံပြ ဘုန်းတော်ကြီး စာသင်ကျောင်း၌ "မြန်မာအမျိုးသမီးများနေ့ အကြောင်း သိကောင်းစရာများ"ကို အသိပညာပေးဟောပြောပြီး "သွေးလွန်တုပ်ကွေးရောဂါ"နှင့် ပတ်သက်၍ ကျန်းမာရေးပညာပေး ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများအား ပြန်လည်ဆွေးနွေးမေးမြန်းလျက် ထူးချွန်စွာဖြေကြားနိုင်သူ ရှစ်ဦးအား ဆုများချီးမြှင့်ကြသည်။

ယင်းဘုန်းတော်ကြီးပညာသင်ကျောင်းတွင် ဆရာမ ခုနစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၇၄ ဦးတို့အား ဗလာစာအုပ် ဒါဇင် ၅၀၊ ကျောင်းဝတ်စုံ ၂၇၄ စုံ၊ ခဲတံ ဒါဇင် ၅၀၊ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းဝတ်စုံ ခုနစ်စုံ၊ ကျောင်းထိုင်ဆရာတော်အတွက် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၅၀၀၀၊ ဝတ္ထုငွေကျပ် တစ်သိန်းတို့ ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**

ထို့နောက် အသင်းမှဆောက်လုပ်လှူဒါန်းထားသော စတုတ္ထတန်းကျောင်းဆောင်သစ် တိုးချဲ့ခြင်းနှင့် သန့်စင်ခန်း သုံးခန်းတွဲ တစ်ခန်းကို လှူဒါန်းဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကန့်သတ်ပိတ်ပင်ထားသော ဘီယာများစစ်ဆေးတွေ့ရှိ

ရန်ကုန် ဇူလိုင် ၂

ဇွန် ၂၉ ရက် နံနက် ၄ နာရီခွဲက Mobile Team အဖွဲ့သည် ညောင်ခါးရှည် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မှ ရန်ကုန်သို့ ဦးမာလစ်မောင်းနှင်လာသော ခြောက်ဘီးယာဉ်ကိုစစ်ဆေးရာ ကန့်သတ်ပိတ်ပင်ထားသော ထိုင်းနိုင်ငံထုတ် Beer Chang ဖာ ၁၀၅၀၊ Bavaria Beer ၂၅ ဖာနှင့် FDA ထောက်ခံချက်ပါရှိသော Nestle Milo ၃၇ ဖာကို စစ်ဆေးတွေ့ရှိခဲ့ပြီး ကန့်သတ်ပိတ်ပင်ထားသောကုန်ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်မောင်းနှင့် ပစ္စည်းပိုင်ရှင်တို့ကို ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂) ဖြင့်လည်းကောင်း၊ တားမြစ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းများအတွက် ပို့ကုန်သွင်းကုန် ဥပဒေ (၂၀၁၂)ဖြင့် လည်းကောင်း၊ ယာဉ်အား ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၇၆/၉၉ ဖြင့်လည်းကောင်း အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ သိမ်းဆည်းရန်ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ လူအုပ်စုအချို့ ရန်းရင်းဆန်ခတ်မှုများဖြစ်ပေါ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က လူစုခွဲခဲ့ရ

နေပြည်တော် ဇူလိုင် ၂

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ ယမန်နေ့ညပိုင်းမှစ၍ လူအုပ်စုအချို့ ရန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က လူစုခွဲခဲ့ရပြီး ယခုအခါ အဆိုပါနေရာများ၌ လုံခြုံရေးဆောင်ရွက်ထားကြောင်း သိရှိရသည်။

နေပြည်တော် ပျဉ်းမနား ရဲတပ်ဖွဲ့က (ပ) ၂၉၃/၂၀၁၄ ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ထားသော ပြစ်မှုကျူးလွန်သူ နေဝင်းပိုင်ဆိုင်သည့် ၂၇ လမ်းနှင့် ၈၂ လမ်းထောင့်ရှိ "ဆန်း" ကဖေးလက်ဖက်ရည်ဆိုင်၌ ဇူလိုင် ၁ ရက် ည ၇ နာရီခွဲခန့်က လူစုလူဝေးများ ဖြစ်ပေါ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က ဝိုင်းဝန်းထိန်းသိမ်းခဲ့ရာ ညဉ့်ဦးပိုင်းတွင် လူစုကွဲသွားခဲ့သည်။

ထို့နောက် ည ၁၀ နာရီခွဲခန့်တွင် ယင်းလက်ဖက်ရည်ဆိုင်အနီး၌ လူအင်အား ပြန်လည်များပြားလာ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိထိန်းသိမ်းခဲ့သော်လည်း ၂၆ လမ်းနှင့် ၈၆ လမ်းထောင့်တွင် လူအင်အား ပိုမိုများပြားလာပြီး အုတ်ခဲကျိုး၊ ပုလင်းခွဲများဖြင့် လမ်းဘေးနေအိမ်ဝင်းထရံများအား ပစ်ပေါက်ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့က အတားအဆီးများချ၍ ထိန်းသိမ်းပိတ်ဆို့ခြင်း၊ အဓိကရုဏ်းထိန်းသိမ်းရေးသုံး ရော်ဘာကျည်သုံးချက်ပစ်ဖောက်၍ လူစုခွဲခြင်းတို့ကို ပြုလုပ်ခဲ့ရသည်။

ည ၁၁ နာရီခွဲခန့်တွင် ၂၆ လမ်းနှင့် ၈၃ လမ်းထောင့်၌ လူအုပ်စုများက နေအိမ်အချို့အား ခဲဖြင့်ပစ်ပေါက်ပြီး လမ်းဘေး၌ရပ်ထားသော မော်တော်ယာဉ်သုံးစီးအား ကားမှန်ထုခွဲသဖြင့် လုံခြုံရေးအဖွဲ့က ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိန်းသိမ်းထား

ယင်းနောက် ဇူလိုင် ၂ ရက်နံနက် ၂ နာရီခန့်တွင် လူအင်အား ၄၅၀ ခန့်က ၈၃ လမ်းနှင့် ၈၄ လမ်းကြားတွင် တုတ်၊ ဓားများကိုင်ဆောင်၍ အော်ဟစ်ဆူပူနေသဖြင့် လုံခြုံရေးအဖွဲ့က ထိန်းသိမ်းလူစုခွဲခဲ့ရသကဲ့သို့ နံနက် ၃ နာရီခန့်တွင် ၂၆ လမ်း၊ ၈၃ လမ်းနှင့် ၈၈ လမ်းကြားတွင် ရပ်ထားသော ဟိုင်းလတ်မော်တော်ယာဉ် တစ်စီးအား မီးရှို့မှုကြောင့် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း၊ ယခုအခါ အဆိုပါနေရာများ၌ လုံခြုံရေးတပ်ဖွဲ့က နေရာဖြန့်ခွဲပြီး လုံခြုံရေး ရယူထိန်းသိမ်းထားကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

မိဘပင်စင်စားများသို့ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် လစဉ် ၂၁ ရက် တစ်ရက်တည်းတွင်သာ ပင်စင်လစာ စုပြုံထုတ်ယူလေ့ရှိကြသဖြင့် ယင်းနေ့ရက်တွင် မိဘပင်စင်စားများအနေဖြင့် ဘဏ်၌တန်းစီတိုးဝှေ့ရခြင်း၊ အချိန်ကုန်လူပန်းခြင်း၊ ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပေါ်နေရပါသည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် လစဉ် ၂၁ ရက်မှစ၍ ယင်းလအတွက် ပင်စင်လစာအပြည့်အဝကို ထုတ်ပေးလျက်ရှိပြီး ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင်လည်း ပင်စင်လစာ အပြည့်အဝထုတ်ယူရရှိနိုင်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ယခင်က ပင်စင်ထုတ်ရက်သတ်မှတ်ခဲ့သော်လည်း ယခုအခါ မသတ်မှတ်တော့ပါ။ ဘဏ်ဖွင့်ရက်တိုင်းတွင် ပင်စင်လစာထုတ်ပေးလျက်ရှိပါသဖြင့် ၂၁ ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

မမေမြတ်နိုး

ခုံအမှတ်(ဆဒဂ - ၂၄၄) ဘာသာစုံဂုဏ်ထူး

မြန်မာတစ်နိုင်ငံလုံး ဒုတိယအဆင့် (ရမှတ် - ၅၅၇ မှတ်)

အထူးဝမ်းမြောက်ဝမ်းသာဂုဏ်ယူခြင်းနှင့် ဂုဏ်ပြုခြင်း

(၂၀၁၃ - ၂၀၁၄) ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်မေဖင်သိန်းမိသားစုမှ သမီးလေး

မမေမြတ်နိုး (ခုံအမှတ်/ဆဒဂ - ၂၄၄)အ.ထ.က(၁)ဒဂုံ မှ **၆-ဘာသာဂုဏ်ထူး (ဘာသာစုံဂုဏ်ထူး)**ဖြင့်

အောင်မြင်ခြင်းနှင့်အတူ **(သိပ္ပံဘာသာတွဲ) မြန်မာတစ်နိုင်ငံလုံးတွင် ဒုတိယအဆင့် ရမှတ်ပေါင်း (၅၅၇ - မှတ်)**ဖြင့်

အောင်မြင်ခြင်းအား၊ မေဖင်သိန်းမိသားစု၏ဂုဏ်ကို ထပ်ဆင့်ဆောင်ပေးခြင်းအတွက်

မေဖင်သိန်းမိသားစုဝင်အားလုံးမှ အထူးပင်ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပြီး၊

သမီးလေး မမေမြတ်နိုးအား၊ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

မေဖင်သိန်း မိသားစု

မေဖင်သိန်းလမင်း ဝန်ဆောင်မှုကုမ္ပဏီလီမိတက်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ယဉ်ကျေးမှုကို ထိန်းသိမ်းထား မြန်မာ့သားကောင်းသမီးများ

မေသက်ထားဦး

လူဟူသည်မှာ တစ်ဦးတည်း တစ်ယောက်တည်းနေ၍ မရပါပေ။ အသေးငယ်ဆုံးသောမိသားစုမှအစပြု၍ မောင်နှမသားချင်း၊ ဆွေမျိုး၊ မိတ်ဆွေ၊ အိမ်နီးချင်း၊ တစ်လမ်းတည်း၊ တစ်ရပ်ကွက်တည်း၊ တစ်မြို့တည်းစသည်ဖြင့် အစုအဝေးအသိုင်းအဝိုင်းနှင့်နေကြရာမှ တိုင်းပြည်၊ နိုင်ငံစသည်ဖြင့် ကမ္ဘာကြီးတစ်ခုဖြစ်လာရသည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၂၀၀ ခန့်ရှိသည်။ ရေမြေသဘာဝမတူညီကြ။ ရာသီဥတုမတူညီကြ။ အသားအရောင်၊ အစားအသောက်၊ နေထိုင်မှုစနစ်၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူညီကြသည်ကို လေ့လာသူတိုင်း သိရှိကြပါသည်။

ယှဉ်တွဲနေထိုင်သူအချင်းချင်း သင့်မြတ်အောင်ပေါင်းရခြင်း၊ အပေးအယူမျှအောင် နေထိုင်ကြခြင်းဖြင့် သာယာလှပသော ပတ်ဝန်းကျင်များ ဖန်တီး၍ ဘဝများကို တည်ဆောက်ကြရသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံပေါင်းသင်းဆက်ဆံရာတွင်လည်း ထိုနည်းတူပင်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံဓလေ့ထုံးတမ်းစဉ်လာယဉ်ကျေးမှုများကို လေးစားကြရသည်။ ဖလှယ်၍ရသော အကြောင်းအရာများကို အပြန်အလှန်ဖလှယ်ကြရသည်။

နိုင်ငံများကို လေ့လာကြည့်ပါက မိမိရိုးရာဓလေ့ထုံးတမ်းယဉ်ကျေးမှုများကို တန်ဖိုးထားထိန်းသိမ်းကြသည်ကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏နှလုံးသည်းပွတ်သည် ယဉ်ကျေးမှုပင်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိစောင့်ထိန်းအပ်သော ယဉ်ကျေးမှုအမွေအနှစ်များကို မထိန်းသိမ်းနိုင်ခဲ့ပါလျှင်၊ ကွယ်ပျောက်အောင်ပြုလုပ်ခဲ့ပါလျှင် နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါသည်။

ယဉ်ကျေးမှုပျောက်က လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါသည်။ လူမျိုးပျောက်ပါက နိုင်ငံပါ ပျောက်နိုင်သည်ဟူသောအချက်ကို အထူးသတိပြုသင့်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လှပေသည်။

ယဉ်ကျေးမှုဟူသည် တတ်သိလိမ္မာမှုနှင့် လူမှုအဆင့်အတန်းကို အစဉ်အလာအားဖြင့် ထိန်းသိမ်းလာသော ဓလေ့ထုံးတမ်းစဉ်လာများပင်ဖြစ်သည်။ လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားလေ၊ လူ့တန်ဖိုး၊ လူ့သိက္ခာမြင့်မားလေဟု ဆိုရမည်ပင်။ လူတို့၏အဆင့်အတန်းသည် ကိုယ်ကျင့်သိက္ခာပေါ်တွင် လုံးဝမူတည်သည်။

ဘာသာတရား၏အဆုံးအမအရ မြန်မာလူမျိုးတို့သည် 'ဟိရိသြတ္တပ္ပ' ဟူသော 'လောကပါလ'တရားနှစ်ပါးကိုလက်ကိုင်ထားသည့် ယဉ်ကျေးသိမ်မွေ့သော လူမျိုးဖြစ်ပါသည်။ မြတ်ဗုဒ္ဓကိုယ်တိုင်ဟောကြားတော်မူသော ဟိရိသြတ္တပ္ပဟူသော အရှက်နှင့်အကြောက်တရားမရှိပါလျှင် တိရစ္ဆာန်နှင့် မခြားဘဲ ကမ္ဘာကြီးပင်ပျက်စီးနိုင်သည့်အခြေအနေရှိပါသည်။

ယဉ်ကျေးမှုဟူသည်မှာ ဘာသာတရားနှင့်ဆက်နွှယ်သည်။ ဂီတနှင့်တွဲဖက်သည်။ စာပေနှင့်ယှဉ်တွဲသည်။ ဝတ်စားဆင်ယင်မှုနှင့်ခွဲထား၍ မရပါပေ။ ထိုအချက်များပေါ်တွင် မူတည်၍ယဉ်ကျေးမှုဟုသတ်မှတ်သည်။ နိုင်ငံတစ်နိုင်ငံ၏ယဉ်ကျေးမှုကို တိုင်းတာသောအချက်အလက်များပင် ဖြစ်သည်။ ထိုအချက်များက ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြသည်။

ထိုအချက်များပေါ်တွင် မူတည်၍ မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းကိုသုံးသပ်ကြည့်နိုင်ပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်သဖြင့် မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော 'ဗြဟ္မာ့ဝိဟာရ' တရားလေးပါးကို လက်ကိုင်ထားသူများဖြစ်ကြပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများကို လက်ကိုင်ထား၍ သည်းခံခွင့်လွှတ်နိုင်မှုများဖြင့် အကောင်းဘက်ကိုသာ ဦးတည်ကြပါသည်။ လက်စားချေခြင်းသည် မြန်မာတို့၏ဓလေ့မဟုတ်ပါ။

မြတ်ဗုဒ္ဓဟောကြားခဲ့သော (၃၈)ဖြာ မင်္ဂလာတရားတော်များတွင် ကောင်းမွန်သော ကိုယ်ကျင့်တရားများကို ညွှန်ပြဆုံးမထားပါသည်။ ဗုဒ္ဓဘာသာဝင်အများစုက လက်ခံ၊ လိုက်နာကျင့်သုံးကြပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဖြစ်ရသည်မှာ ကံကောင်းလှသည်ဟုဆိုရပါမည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကြောင်းတရားများကို သိရှိလိုက်နာကျင့်သုံးခြင်းဖြင့်ကောင်းသောအကျိုးရလဒ်များရရှိနိုင်သည့်အခွင့်ကောင်းများရှိပါသည်။

ဘာသာတရားတိုင်းတွင် ယဉ်ကျေးမှုရှိကြပါသည်။ မြန်မာတို့၏ယဉ်ကျေးမှု၌ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ မိတ်ဆွေဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ သခင်နှင့်ကျွန်ကျင့်ဝတ်တို့ပင်အတိအကျရှိသည်ကို လေ့လာကြည့်ပါက အလွန်ပင် "ကျင့်ဝတ်သိက္ခာ"အရာ၌ အဆင့်အတန်းမြင့်သည်ကိုတွေ့ရပေမည်။ "ကျင့်ဝတ်သိက္ခာ ကိုယ်ကျင့်တရား"ပင်လျှင် ယဉ်ကျေးမှုတန်ဖိုးဖြစ်ပါသည်။

မြန်မာတို့၏ စာပေအဆင့်အတန်းကို လေ့လာကြည့်ပါလျှင်လည်း အလွန်ပင် အဆင့်အတန်းမြင့်ကြောင်းတွေ့ရမည်ဖြစ်ပါသည်။ မြန်မာတို့၏ စာပေသည် အလွန်နက်နဲ၊ ခက်ခဲ၊ ကျယ်ဝန်း၍ဝေါဟာရအလွန်ပင်ကြွယ်ဝသည်။ လေ့လာ၍မဆုံးအောင်ပင် လေးနက်လှပေသည်။ စကားလုံးတစ်လုံးစာတစ်လုံးကိုပင် အဓိပ္ပာယ်မျိုးစုံဖွင့်ဆိုနိုင်သော၊ အဆင့်အတန်းမြင့်၍ လေ့လာရန်ခက်ခဲလှသောစာပေကို မြန်မာလူမျိုးတို့ပိုင်ဆိုင်ကြပါသည်။

'ပါဠိစာပေ' သည်လည်း မြန်မာတို့၏ စာပေတွင် ပါဝင်သည်။ ခက်ခဲလှသော စာပေကို ယခုအခါ မြန်မာစာ(စိတ်ကြိုက်) များကို သင်ယူသူနည်းပါးလာကြောင်း သိရသဖြင့် နှမြောတသဖြစ်ရသည်။

မြန်မာတို့၏ ခေတ်အဆက်ဆက်လူ့ယဉ်ကျေးမှု၊ လူ့ကျင့်ဝတ်များကို ပေထက်အက္ခရာတင်၍ စာပေဖြင့် ထိန်းသိမ်းမှတ်တမ်းတင်ခဲ့ကြသဖြင့် မိမိတို့၏အစဉ်အလာကြီးမားလှသော ယဉ်ကျေးမှုအမွေအနှစ်များကို သိရှိခွင့်ရကြခြင်းဖြစ်သည်။ စာပေပညာရှင်များတွင် အမျိုးသမီးစာဆိုတော်များ ပေါ်ထွန်းခဲ့ကြောင်း လေ့လာသိရှိနိုင်ပေသည်။

မြန်မာတို့တွင် ရှည်လျားသော သမိုင်းတစ်လျှောက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေဖြင့်သာ ရပ်တည်ခဲ့ကြသည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို သိမြင်နိုင်ရန် လိုအပ်လှပါသည်။ မြန်မာ့ရှေးဟောင်းအမွေအနှစ်များကား တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်လှသည်။

မြန်မာတို့၏ လက်မှုပညာများဖြစ်သော "ဘုရားမတင်၊ နတ်မဝင်၊ လူတွင်ပန်းဆယ်မျိုး" ဟု ဆိုသော "ပန်းပဲ၊ ပန်းတိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ပန်းချီ၊ ပန်းယွန်း" စသည်တို့သည် မြန်မာတို့၏ထူးခြားသော "ပန်းဆယ်မျိုး" အတတ်ပညာပင်ဖြစ်သည်။ ယဉ်ကျေးမှုအတတ်ပညာအမွေအနှစ်များပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံအနှံ့ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ သိမ်ကျောင်းစသည်များတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာ ပန်းဆယ်မျိုးဖြင့် လှပစွာတန်ဆာဆင်ထားသည်ကိုလေ့လာကြည့်ပါက အနုစိပ်၍ လွန်စွာလက်ရာကောင်းမွန်လှကြောင်း အံ့သြဖွယ်ရာ တွေ့မြင်နိုင်ကြသည်။ နိုင်ငံတကာမှ လာရောက်လေ့လာသူများကို ဆွဲဆောင်နိုင်သော မြန်မာ့ယဉ်ကျေးမှု အနုအလှလက်ရာများပင်ဖြစ်သည်။

ထိုယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်စေရန်၊ ထိန်းသိမ်းနိုင်ရန်ယဉ်ကျေးမှုဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတာဝန်ပေးအပ်ထားသော်လည်း နိုင်ငံသားတိုင်းက ဝိုင်းဝန်းထိန်းသိမ်းရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ကြီးမားသောယဉ်ကျေးမှု အစဉ်အလာရှိသည့် မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှုနှင့်ပတ်သက်၍ မည်သည့်နိုင်ငံကိုမျှ တုပရန်မလိုအောင် ပြည့်စုံလှပါသည်။ အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို မပျက်မကွက် လက်ဆင့်ကမ်းစောင့်ထိန်းပေးရန်သာ "ကြီးလေးသောတာဝန်" တစ်ရပ်ဖြစ်ပေသည်။

ဂီတ-အနုပညာနှင့် ပတ်သက်၍လည်း တိကျသော ယဉ်ကျေးမှုအမွေအနှစ်မြောက်မြားစွာရှိသည့်အတွက် ထိုအမွေအနှစ်များ မပျောက်ပျက်စေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။ ခေတ်ပေါ်တေးများ၊ ဂန္ထဝင်တေးများ၊ မဟာဂီတ စသည့်အပိုင်းများ ထည့်သွင်းကျင်းပပေးရာတွင် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်၍ ဂီတအဆင့်အတန်းမြှင့်တင်ပေးကြသည်။

> ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသော မြန်မာနိုင်ငံတွင် နေထိုင်ကြသော အမျိုးသားကောင်းသမီးတို့သည် ဝတ်စားဆင်ယင်မှုကိုသာ အတုယူစရာမလိုဘဲ အခြားနိုင်ငံများ၏ ကောင်းမွန်သော အတုယူစရာ နည်းပညာများကိုသာလေ့လာသင်ယူ၍ မိမိနိုင်ငံအတွက် အသုံးချနိုင်အောင်ကြိုးစားသင့်လှပါသည်။

ရိုးရာအားကစားပွဲများ မပျောက်ပျက်စေရန်လည်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲများ၊ ခြင်းလုံးပြိုင်ပွဲများ စသည်တို့ကိုလည်း ကျင်းပပေးလျက် မြန်မာ့ရိုးရာဓလေ့စရိုက်များမပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြသည်မှာ ဝမ်းမြောက်ဖွယ်ရာဖြစ်ပါသည်။ ထိုပြိုင်ပွဲများတွင်လည်း အမျိုးသမီးများပါဝင်ယှဉ်ပြိုင်အစွမ်းပြနေကြပါသည်။

ယဉ်ကျေးမှုနှင့်ခွဲထား၍မရသော ဝတ်စားဆင်ယင်မှုအပိုင်းသည် ပိုမိုအရေးကြီးသည့်အချက်အလက်များဖြစ်ပေသည်။ မျက်မှောက်ခေတ်တွင် ပိုမိုအရေးကြီးသည်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံဆက်သွယ်မှုများ အရှိန်အဟုန်မြင့်လာကြသကဲ့သို့ ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင်လည်း ရောထွေးယှက်တင်ဖြစ်လာသည်ကို တွေ့မြင်ရသည်။ ကူးစက်မှုနှုန်းအလွန်မြန်သည်ဟု ဆိုနိုင်ပါသည်။

မြန်မာ့ယဉ်ကျေးမှုသည် ခေတ်အဆက်ဆက်တွင် 'တောင်းမှာအကွပ် လူမှာ အဝတ်' ဟူသော ဆိုရိုးစကားနှင့်အညီသိက္ခာရှိစွာ ဝတ်စားဆင်ယင်မှုမျိုးကို တွေ့မြင်နိုင်ပေသည်။ မြန်မာတို့၏ရိုးရာ ကြိုးကြိုးချိတ်ထဘီ၊ ထိုင်မသိမ်းအင်္ကျီ စသည်တို့သည် တန်ဖိုးမြင့်လှသဖြင့် အခြားသူများ အတုယူ၍ဝတ်ဆင်နိုင်ခြင်းမရှိပေ။

အချို့မြန်မာအမျိုးသမီးများသည် အခြားသောနိုင်ငံပေါင်းစုံ၏ ဝတ်စားဆင်ယင်မှုပုံစံများကို ထက်ကြပ်မကွာလိုက်၍ ဝတ်စားဆင်ယင်ကြသည်ကို တွေ့မြင်ရပေသည်။ ယနေ့မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် အခြားနိုင်ငံအသီးသီးမှ အမျိုးသမီးများသည် မြန်မာ့ရိုးရာဒေသထွက် အထည်များကို ဝတ်ဆင်ကြည့်ကြသည်။

လက်ရာကောင်းလှ၍ တန်ဖိုးကြီးမားသည့် ကြိုးကြိုးချိတ်များကိုမူ မိမိနိုင်ငံသူများသာ ဝတ်ဆင်နိုင်သည့် 'ဂုဏ်'သည် မြင့်မားလှပေသည်။ မည်သည့်နိုင်ငံကမျှ ဤကဲ့သို့ အဆင်အသွေးကောင်း၊ အဆင့်အတန်းမြင့်သည့် ချိတ်လုံချည်မျိုးမပြုလုပ်နိုင်ပါ။ ခေတ်ပေါ်စက်များဖြင့် ထိုး၍ချိတ်အဆင်ပြုလုပ်ကြသော်လည်း မူရင်းလက်ရက်ကန်းစင်ဖြင့် ရက်လုပ်ထားသော အဖိုးတန်ကြိုးကြိုးချိတ်အလှကိုဖြင့် မမီနိုင်ပါချေ။

ဤမျှမိန်းကလေးတို့၏ ကျက်သရေကို တုနှိုင်းမမီအောင် အလှဆင်နိုင်သော မြန်မာ့ယဉ်ကျေးမှုအဝတ်အစားများကို မြတ်နိုးမှု မရှိ၊ နိုင်ငံတကာက ဝတ်စားဆင်ယင်မှုများကို အတုယူ၍ ဝတ်ဆင်မှ ခေတ်မီသည်ဟုထင်နေကြသည်မှာ အလွန်လွဲမှားသော အထင်ကြီးမှုပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ကြိုးကြိုးချိတ်မှ မဟုတ်ပါ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှထွက်ရှိသော ဒေသထွက် ရိုးရာအဝတ်အစားများ၊ ဝတ်ဆင်စရာအဆင်အသွေးမျိုးစုံကိုခေတ်မီ၍ လုံခြုံသောပုံစံများဖြင့် ဝတ်ဆင်သည့်အလှသည် လွန်စွာပင်ကျက်သရေရှိ၍ ပေါ်လွင်လှပါသည်။

ယခုအခါတွင် အဝတ်အစားများကို ပုံစံမျိုးစုံထုတ်၍ ချုပ်နိုင်သော အတတ်ပညာရှင်များလည်း ပေါ်ထွန်းလာပြီဖြစ်သည်။ မြန်မာအမျိုးသမီးများ၏ သတို့သမီးဝတ်စုံများ၊ ချိတ်ထဘီများ၊ ပန်းထိုးထည်အမျိုးမျိုး၊ ဒေသထွက်ရိုးရာဝတ်စုံများကို လှပသစ်လွင်၊ လုံခြုံယဉ်ကျေးသော ခေတ်မီပုံဆန်းများ ဒေသထွက်ဝတ်ဆင်ကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါသည်။

သို့သော်လည်း အနည်းစုကိုသာတွေ့ရ၍ အများစုမှာမူ မပေါ့တပေါ်ပုံစံများ၊ တမင်ဖော်သည့်ပုံစံများကို ဝတ်စားဆင်ယင်ပြသကြသည်ကိုတွေ့ရသဖြင့် မြန်မာဝတ်စုံပုံစံများ ပျောက်ကွယ်သွားလေမလားဟုလွန်စွာ စိုးရိမ်မိပါသည်။

ထိုအချက်ကို အလေးဂရုပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော "မြန်မာအမျိုးသမီးများနေ့"တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်တကွ တိုင်းဒေသကြီး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များကနိုင်ငံအနှံ့တစ်နိုင်တစ်ပိုင်ဝတ်စားဆင်ယင်မှုပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပေးနေကြခြင်းဖြစ်ပေသည်။

ထိုအဖွဲ့အစည်းများသာမက မြန်မာအမျိုးသမီးတိုင်း ဤအချက်ကို အထူးအလေးထားလိုက်နာကျင့်သုံးထိန်းသိမ်းကြရန် လိုအပ်လှပါသည်။ နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်သော အမျိုးသမီးများအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းလိုသော စိတ်ဓာတ်ရှိရန် အထူးပင်လိုအပ်လျက်ရှိပါသည်။

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော မြန်မာနိုင်ငံတွင် နေထိုင်ကြသော အမျိုးသားကောင်းသမီးတို့သည် ဝတ်စားဆင်ယင်မှုကိုသာ အတုယူစရာမလိုဘဲ အခြားနိုင်ငံများ၏ကောင်းမွန်သော အတုယူစရာနည်းပညာများကိုသာ လေ့လာသင်ယူ၍ မိမိနိုင်ငံအတွက်အသုံးချနိုင်အောင် ကြိုးစားသင့်လှပါသည်။

အချိန်နှင့်အမျှဖွံ့ဖြိုးတိုးတက်နေသော ယနေ့မျက်မှောက်ခေတ်တွင် ကောင်းသောနည်းပညာများ၊ တိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်သကဲ့သို့ မိမိတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကိုလည်း ပျောက်ပျက်မသွားရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည်လည်း ယနေ့လူငယ်လူရွယ်၊ အမျိုးသား အမျိုးသမီးများအားလုံးတွင် တာဝန်ရှိပေသည်။

အထူးသဖြင့် အမျိုးသမီးများသည် သဘာဝအားဖြင့် လှပချင်ကြသည်။ လှလိုသဖြင့်ဝတ်ဆင်ကြသောပုံစံများသည် မိမိ၏သိက္ခာကျစေလောက်သော ပုံစံမျိုး မဖြစ်သင့်ပေ။ နဂိုအသားအရေလှပသော လူမျိုးဖြစ်သည့်အလျောက် "အရွယ်၏ လှပခြင်း" အပေါ်တွင်သိက္ခာရှိစွာလှပနေအောင် ဝတ်ဆင်၍အလှဆင်နိုင်ကြပါစေ ဟူသော စေတနာဖြင့် သတိပေးရင်းဇူလိုင် ၃ ရက်နေ့တွင် ကျရောက်သော "မြန်မာအမျိုးသမီးများနေ့" ကို ဂုဏ်ပြုအပ်ပါသည်။

အမျိုးကောင်းသားသမီးများအားလုံး ယဉ်ကျေးမှုကိုထိန်းသိမ်းခြင်းဖြင့် 'မြန်မာ့ဂုဏ်'ကို မြှင့်တင်နိုင်ကြပါစေ။ ။

ကျွန်မမြန်မာမိန်းကလေး

ကျွန်မ မြန်မာမိန်းကလေးပါ
ယဉ်ကျေးလိမ္မာ မျိုးစောင့်ပါ၏
ခေတ်ပညာရေး အလေးပေး၏
ဆွေးနွေးတိုင်ပင် ပေါင်းဖော်မင်၏
တွင်ကျယ်အလုပ် ကျွန်ကြိုးကုပ်၏
ချက်ပြုတ်ကျွမ်းကျင် လေ့လာသင်၏
ပြည်ခွင်အရေး နားစွင့်သေး၏
ရှေးထုံးမပယ် လိုက်နာကြွယ်၏
တွင်ကျယ်နှံ့စပ် IT တတ်၏
ရပ်ရပ်ကျွမ်းကျင် အစဉ်အဆက်
ထက်မြက်တက်ကြွရဲရင့်လှသည်
အဲ့ဒါ မြန်မာအမျိုးသမီးပေါ့။ ။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်-

အိမ့်မှူးခင်

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

စစ်တွေ ဇူလိုင် ၂

၂၀၁၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲသို့ အထက်တန်းကျောင်းသူ ၅၃ ဦး၊ အလယ်တန်းကျောင်းသူ ၃၉ ဦးနှင့် မူလတန်းကျောင်းသူ ၂၆ ဦး စုစုပေါင်း ၁၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အထက်တန်းကျောင်းသူများက "စွမ်းရည်မြင့်မား မြန်မာအမျိုးသမီးများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသူများက "ဂုဏ်ရည်မြင့်မား မြန်မာအမျိုးသမီးများ" ခေါင်းစဉ်ဖြင့်လည်းကောင်း ရေးသားဖြေဆိုခဲ့ကြပြီး ကျောင်းသူများ၏ စာစီစာကုံးရေးသားယှဉ်ပြိုင်နေမှုကို ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး စာရေးကိရိယာနှင့် ဗလာစာအုပ်များကို ပြိုင်ပွဲဝင်ကျောင်းသူများထံ ပေးအပ်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်လှုပ်ဖော်ရေးရာကဏ္ဍ

နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တိကျစွာရှင်းလင်းထားပြီးဖြစ်၍ အောင်မြင်သည်အထိ ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၂

၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ကျင်းပခဲ့သည့်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Myanmar Development Cooperation Forum-MDCF)၏ မြန်မာအစိုးရနှင့်ဖွံ့ဖြိုးမှု မိတ်ဖက်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်ဝက်လေ့လာသုံးသပ်မှု (Mid Term Review-MTR) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယနေ့အစည်းအဝေးသည်မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် ထုတ်ပြန်ခဲ့သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် **“နေပြည်တော်သဘောတူညီချက်”** အရ ထားရှိခဲ့သည့် ကတိကဝတ်နှင့် ပူးပေါင်းဆောင်ရွက်ရန်လုပ်ငန်းများ၏တိုးတက်မှုကို လေ့လာသုံးသပ်ရန်ပြုလုပ်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီပေးမှုများအား ကျေးဇူးတင်ရှိကြောင်း၊ မိမိအနေဖြင့် အဆိုပါပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အရှိန်မြှင့်တင်ရန်နှင့် သိသာထင်ရှားသည့်အောင်မြင်မှုရလဒ်များ ထွက်ပေါ်လာရန်အတွက် ကြိုးစားရန်လိုအပ်ကြောင်း၊ အဓိကအရေးကြီးသည့် အချက်သုံးချက်ရှိ၍ ပထမအချက်အနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီအထောက်အပံ့များသည် မြန်မာနိုင်ငံ၏ ဦးစားပေးအခန်းကဏ္ဍလုပ်ငန်းစဉ်များနှင့်ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် မြို့နယ်စီမံကိန်း အထောက်အကူပြုကော်မတီများကို ဖွဲ့စည်းပြီးဖြစ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် အကောင်အထည်ဖော်အောင်မြင်နိုင်သည့်လုပ်ငန်းဧရိယာများကိုလက်တွေ့ကျကျသုံးသပ်၍ သတ်မှတ်ကာ ချဉ်းကပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆောင်ရွက်မည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တိကျစွာရှင်းလင်းထားပြီးဖြစ်ပါ၍ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်သည့်အထိ မဆုတ်မနစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှုအဖြစ် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရန်ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ခြင်းအပိုင်းနှင့် ပြည်သူများ၏လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကိုချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊လူမှုစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် လုပ်ငန်းများကို အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် လက်တွေ့ကျကျ အကောင်အထည်ဖော်ရမည့်အစီအမံများကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊မြန်မာအစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပါဝင်သောလုပ်ငန်းကဏ္ဍအဖွဲ့၏ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်က နိုင်ငံတကာအကူအညီပေးရေးဆိုင်ရာလမ်းညွှန် (Guide to International Assistance) နှင့် EU မှ ကျွမ်းကျင်သူ Mr.Leigh Mitchell က အကူအညီ အထောက်အပံ့များ ပွင့်လင်းထင်သာမြင်သာရှိစေရေးနှင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Aid Transparency & Myanmar's Aid Information Management System) တို့ကို တင်ပြခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ အကူအညီ အထောက်အပံ့များရရှိမှု၊ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်ရှိသည့်ကိစ္စများနှင့် စပ်လျဉ်းသည့် အခြေအနေများကို လည်းကောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း အသီးသီးများမှ ဆောင်ရွက်နေသည့် အခြေအနေများကို လည်းကောင်း အပြန်အလှန်ဆွေးနွေး တင်ပြကြသည်။

အဆိုပါ အစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူ ၁၀၂ ဦးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှ ကိုယ်စားလှယ် ၄၄ ဦး စုစုပေါင်း ၁၄၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ပြည်ထောင်စုလွှတ်တော်မှ*

စရိတ်ကိန်းဂဏန်းများသည် ယာယီအရအသုံးစာရင်းများသာ ဖြစ်ပါကြောင်း၊ စာရင်းစစ်အတည်ပြုပေးသည့် အမှန်စာရင်းများရရှိသည့်အခါ ကိန်းဂဏန်းမှန်ကန်စွာဖြင့် သုံးသပ်တင်ပြသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသော **ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြု မြစိမ်းရောင်စီမံကိန်း**နှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသနှင့် နေပြည်တော်ကောင်စီနယ်မြေများတွင်ရှိသည့် ခရိုင် ၆၇ ခရိုင်၊ မြို့နယ် ၃၃၀ မြို့နယ်နှင့် မြို့နယ်ခွဲရှစ်ခုတွင်ရှိသည့် ကျေးရွာပေါင်း ၁၁၅၀ ကို ရှေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၃၀၀ မတည်ပေးမည် ဖြစ်သည့်အတွက် ကျေးရွာပေါင်း ၁၁၅၀အတွက် ငွေကျပ် ၃၄ ဒသမ ၅ ဘီလီယံ ကုန်ကျမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လည်းကောင်း၊ နိုင်ငံခြားအကူအညီနှင့် ချေးငွေများရရှိမှုအပေါ် မူတည်၍ လည်းကောင်း၊ ကျန်ရှိသော ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် ဆင်းရဲသောကျေးရွာ၊ မွေးမြူရေး အကောင်အထည်ဖော်နိုင်မှု၊ တရားဥပဒေစိုးမိုးမှု၊ ကျေးရွာသူကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ ပညာရည်မြင့်မားရေး လိုလားအားပေးမှု၊ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုတို့ကို စံများအဖြစ်သတ်မှတ်၍ ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကျေးလက် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေချေးယူလိုသူမိသားစုများသို့ ချေးငွေများထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ အတိုးနှုန်းကို (၁)လလျှင် ပြားငါးဆယ်မှ တစ်ကျပ်ပြားငါးဆယ်အတွင်း ကျေးရွာကော်မတီက သင့်လျော်သလို သတ်မှတ်နိုင်ပါကြောင်း၊ မိသားစုတစ်စုချင်းသာမက အစုအဖွဲ့အလိုက် စုပေါင်းဆောင်ရွက်လိုသည့် စီးပွားရေးလုပ်ငန်းများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ချေးငွေများ ထုတ်ချေးသွားမည် ဖြစ်ပါကြောင်း။

ချေးငွေပေးဆပ်ရမည့်ရက်တွင် ပေးဆပ်နိုင်ခြေမရှိပါက ဘဏ္ဍာရေးဆပ်ကော်မတီသို့ ၂ ရက် ကြိုတင်အသိပေးရမည်ဖြစ်ပြီး ချေးငွေပေးဆပ်ရန် လုံးဝပျက်ကွက်ပါက အာမခံသူနှစ်ဦးမှ ပေးလျော်ရမည် ဖြစ်ပါကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကျေးလက်နေမိသားစုဝင်ငွေ တိုးပွားစေရန် အရင်းအနှီးထုတ်ပေးခြင်းဖြစ်သကဲ့သို့ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်စေရန်နှင့် တံ့ပြန်အားကောင်းသည့် လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်စေရေးဖြစ်ပါကြောင်း။

မြစိမ်းရောင် ကျေးရွာစီမံကိန်းအား ကျေးရွာပေါင်း၁၁၅၀ တွင် ဆောင်ရွက်ခြင်းဖြင့် အိမ်ထောင်စု ၃ ဒသမ ၃သိန်းသည် မိသားစုဝင်ငွေတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများ တိုးပွားရရှိလာခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၌ ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြု မြစိမ်းရောင် စီမံကိန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး၏ ရှင်းလင်းတင်ပြချက်များအား လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၃၆ သန်းချေးယူရန်ကိစ္စ**တို့နှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က ရှင်းလင်းတင်ပြကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းတင်ပြရာတွင် စီမံကိန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်မှန်းထားပြီး အဆိုပါချေးငွေကို ကမ္ဘာ့ဘဏ်မှ အတိုးမဲ့ကာလရှည်ချေးငွေအဖြစ် ထုတ်ချေးမည်ဖြစ်ပြီး ဝန်ဆောင်ခ ၀ ဒသမ ၇၅ ရာခိုင်နှုန်း ရယူမည်ဖြစ်ပါကြောင်း၊ စီမံကိန်းသက်တမ်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၂၀-၂၀၂၁ နှစ်ထိဖြစ်ပြီး ချေးငွေပြန်ဆပ်ရန် ဆိုင်းငံ့ကာလ ၆ နှစ်ဖြစ်ပါကြောင်းနှင့် ချေးငွေပြန်ဆပ်ရမည့် ကာလမှာ ၃၂ နှစ်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆည်မြောင်းစီမံကိန်းလေးခုတွင် ဆင်သေရေသောက်စနစ်၊ ဆွာချောင်းရေသောက်စနစ်၊ မာလဲနတ်တောင်ရေသောက်စနစ်၊ မြောက်ယမားရေသောက်စနစ် တို့ကို ရွေးချယ်ခဲ့ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် နမူနာပြဘက်စုံလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် အဆင့်နှစ်ဆင့်ရှိပါကြောင်း၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြင့်တင်ခြင်းစီမံကိန်းနှင့် မြန်မာနိုင်ငံ အရှေ့ပိုင်းပြည်နယ်များ (ရှမ်း၊ ကရင်)စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ချေးငွေများအား ခွင့်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ချေးငွေရယူခြင်းနှင့် လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်မည့် အပိုင်းများအပေါ် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းကြသည်။

အဆိုပါချေးငွေရယူရန်ကိစ္စကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲ ဇေယျာသီရိ၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက ဇေယျာသီရိမြို့နယ် ကံဦးကျေးရွာအနီး ခရိုင်ပတ်လမ်း (ကတ္တရာလမ်း) ဘေးဝဲယာ၌ကျင်းပရာ **(ယာပုံ)** နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သက်သက်နွယ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ စုစုပေါင်း ၁၈၀ ကျော် ပါဝင်ဆောင်ရွက်ကြပြီး ကျွန်းပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ကိုကိုရှုပ**

ကုက္ကိုင်းရေကူးအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂

ကုက္ကိုင်း ရေကူးအသင်း၏ ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါ ရေကူးကန်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က အမှာစကားပြောကြားပြီး ကုက္ကိုင်းရေကူးအသင်းအတွင်းရေးမှူး ဦးချိုမောင်က ၂၀၁၃-၂၀၁၄ ခုနှစ် အမှုဆောင်ကော်မတီအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားသည်။ ဆက်လက်၍ ရွေးချယ်တင်မြှောက်ရေးကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းလွင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **ဖိုးသော်ဇင်**

ပြည်တွင်းသတင်း

ကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲသာမက ၂၀၁၅ အထွေထွေရွေးကောက်ပွဲကိုပါ ဘက်လိုက်မှုမရှိ မျှတစွာဆောင်ရွက်သွားမည်

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးဝင်းကြည်၊ ဒေါက်တာမြင့်ကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် နိုင်ငံရေးပါတီ ၆၁ ပါတီမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကား ပြောကြားရာတွင် ကော်မရှင်အနေဖြင့် နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲရာတွင် ပြီးခဲ့သည် ရွေးကောက်ပွဲများ၏ အတွေ့အကြုံများကို အခြေခံ၍လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံဆွေးနွေးပွဲများတွင် နိုင်ငံရေးပါတီများမှ အကြံပြုတင်ပြချက်များအပေါ် မူတည်၍လည်းကောင်း ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေးဆွဲခဲ့သည့်ရည်ရွယ်ချက်မှာ နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များအပေါ် ဖြေလျှော့သင့်သည်များကို ဖြေလျှော့ပေးနိုင်ရေးနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူများအနေဖြင့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းနားလည်လွယ်ကူစေရေးနှင့် တိတိကျကျ ဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြင်ဆင်ရေးဆွဲထားသည့် နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကိုလည်း နိုင်ငံရေးပါတီများသို့ ဖြန့်ဝေ၍ လိုအပ်ချက်များ၊ အကြံပြုချက်များကို တောင်းခံခဲ့ပါကြောင်း၊ ယင်းအကြံပြုချက်များကို ပြဋ္ဌာန်းထားသောဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မရှင်အနေဖြင့် ပြင်ဆင်ဆောင်ရွက်ခြင်းတွင်လည်း လွှတ်တော်ရွေးကောက်ပွဲအသီးသီး၏ ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ ပါလုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ယင်းဥပဒေတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သော လုပ်ပိုင်ခွင့်ကို ပေးထားပါကြောင်း၊ ဥပဒေများကို လွှတ်တော်ကသာ ပြင်ဆင်ပိုင်ခွင့်ရှိပါကြောင်း၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၏ အကြံပြုချက်များမှအချို့သည် ဥပဒေကို ပြင်ဆင်ရမည့် အကြံပြုချက်များဖြစ်နေ၍ ကော်မရှင်အနေဖြင့် ပြင်ဆင်မရသည့်အတွက် ပြင်ဆင်မထားခြင်းဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် သွေဖည်မှုမရှိသည့်အကြံပြုချက်များကို တတ်နိုင်သမျှ ပြင်ဆင်ပေးထားပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်၊ မဲဆွယ်စည်းရုံးခွင့်တို့နှင့် ပတ်သက်သည့် မူကြမ်း (၁/၂၀၁၄) နှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်ကို ကမ္ဘာ့နိုင်ငံအသီးသီးမှ အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်ကြပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ညွှန်ကြားချက်များနှင့် လိုက်နာရမည့် ကျင့်ဝတ်များကို သတ်မှတ်ပေးထားပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမိန့်အမှတ် (၃/၉၀)နှင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ကြေညာချက်အမှတ် (၉၁/၂၀၁၀) တို့ကို ညွှန်ကြားခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ကြေညာချက်အမှတ် (၉၁/ ၂၀၁၀) ကို လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းညွှန်ကြားချက်သည် ယနေ့အထိ အာဏာတည်လျက်ရှိပါကြောင်း၊ ယခုပေးပို့ထားသည့် (၁/ ၂၀၁၄)သည်လည်း ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲပြီးသည့်နောက် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော ပါတီများနှင့်တွေ့ဆုံ၍ ပြန်လည်သုံးသပ်သည့် အစည်းအဝေးမှ တင်ပြချက်များအပေါ် လွတ်လပ်၍ တရားမျှတပြီး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားသော ညွှန်ကြားချက်များဖြစ်ပါကြောင်း။

ညွှန်ကြားချက် (၁/၂၀၁၄)ကို ပြဋ္ဌာန်းရန် လုပ်ဆောင်ရခြင်းသည် ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးကြသည့်အခါ ပါတီကြီးငယ်မျှတရေးနှင့် စည်းကမ်းရှိပြီး ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ မဖြစ်ပေါ်စေရေးအတွက် ဖြစ်ကြောင်း။

ကော်မရှင်သည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ ထို့အပြင် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို သတ်မှတ်ပြဋ္ဌာန်းရာတွင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ကြီးကြပ်ခြင်း၊ လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ရေးဆွဲထုတ်ပြန်ခြင်းတို့သည် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲနှင့် တူညီသော်လည်း ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲကော်မရှင် ဥပဒေတွင် ပုဒ်မ ၁၀(ဌ) တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကိုမှတ်ပုံတင်ခြင်း၊ ကြီးကြပ်စေခြင်းကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်ရန် ကော်မရှင်အား တာဝန်ပေးခြင်းသည် နိုင်ငံအနေဖြင့် ဒီမိုကရေစီရေချိန်မမြင့်မီကာလအတွင်း နိုင်ငံရေးပါတီများသည် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရေးနှင့် ရှင်သန်ရပ်တည်နိုင်စေရေးတို့ကို ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ၁၉၉၀ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးရန် အစိုးရအဖွဲ့က ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသော်လည်း ၂၀၁၂ ရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ပုဒ်မ ၁၀(ဈ) တွင် ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်းဟု ပြဋ္ဌာန်းထားပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးရန် ကော်မရှင်ကို တာဝန်ပေးအပ်ထားခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ထဲထဲဝင်ဝင်သိရှိသည့် ကော်မရှင်က စစ်ဆေးဆောင်ရွက်ခြင်းသည် မှန်မှန်ကန်ကန်ဖြင့် တရားမျှတစွာ စစ်ဆေးနိုင်မည်ဟု ယူဆ၍ ဖြစ်ပါကြောင်း။

ကော်မရှင်သည် နိုင်ငံရေးပါတီများကို ကြီးကြပ်ရာတွင် ပါတီများအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီဆောင်ရွက်ခြင်းကို ကြီးကြပ်နေခြင်းဖြစ်ကြောင်း၊ ယနေ့အထိ ပါတီ ၆၅ ပါတီရှိသည့်အနက် သတိပေးဆောင်ရွက်ခဲ့ရသည့် ပါတီအရေအတွက်သည် အနည်းအကျဉ်းသာ ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပါတီများအနေဖြင့် ဥပဒေများကို သေသေချာချာလေ့လာကြရန် လိုအပ်ပါကြောင်း၊ လေ့လာပြီး ကိုယ်လိုရာ ကောက်ချက်မချမိစေရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များသည် ရပိုင်ခွင့်များကို အားလုံးမျှတစေရေးနှင့် ပဋိပက္ခများမဖြစ်ဘဲ ညီညွတ်စေရေးနှင့် ကာကွယ်ပေးရေးအတွက် ဖြစ်သည်ဟု ခံယူစေလိုပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကျင့်သုံးမည်ဆိုသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း၊ ဒီမိုကရေစီစနစ်ဖြစ်သော်လည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဟု ဆိုထားပါကြောင်း၊ ဒီမိုကရေစီစနစ်၏ သဘောသဘာဝအရ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ စည်းရုံးခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းအခွင့်အရေးများကို မထိခိုက်စေရန် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို အရေးယူဆောင်ရွက်မှုမရှိဘဲ လျစ်လျူရှုနေမည်ဆိုလျှင် ထုတ်ပြန်ထားသည့် ဥပဒေများသည် ရုပ်ပြသာ ဖြစ်နေမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ကြီးကြပ်ရမည့် ကော်မရှင်အနေဖြင့် ကြီးကြပ်မှုမရှိလျှင် တာဝန်မကျေပွန်မည်ဖြစ်သကဲ့သို့ ဥပဒေကို လိုက်နာရမည့် ပါတီများအနေဖြင့်လည်း လိုက်နာမှု မရှိလျှင် ကော်မရှင်တွင် ဥပဒေကို လေးစားလိုက်နာပါမည်ဟု ဝန်ခံကတိ လက်မှတ်ရေးထိုးသည်မှာလည်း ဖောက်ဖျက်ရာကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆောင်ရွက်ရေးနှင့် အငြင်းပွားဖွယ်ပဋိပက္ခများ မဖြစ်စေရေးတို့ကို ထိန်းသိမ်းနေရခြင်းဖြစ်ပါကြောင်း။

မိမိတို့ ကော်မရှင်သည် ရွေးကောက်ပွဲများကို ကျင်းပရာတွင် လွတ်လပ်၍ တရားမျှတမှုရှိစွာဖြင့် ကျင်းပပေးမည်ဖြစ်ကြောင်းကို ယခင်ကတည်းက ပြောဆိုကတိပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် မျှမျှတတ ဆောင်ရွက်ပါ့မလားဆိုသည့် သံသယများကို ကြားသိနေရပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သာမက ၂၀၁၅ အထွေထွေရွေးကောက်ပွဲကိုပါ ဘက်လိုက်ခြင်းမရှိဘဲ မျှမျှတတဖြစ်အောင်ဆောင်ရွက်သွားမည်ဆိုသည်ကိုပါ ထပ်လောင်းပြောကြားလိုပါကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး ဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်စေရန် ကော်မရှင်၊ ပါတီ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများ ပူးပေါင်းပြီး လူထုကိုပညာပေး၊ လူထုစွမ်းအားရယူကာ ဆောင်ရွက်မှသာ ဖြစ်မြောက်အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ကြောင်းကိုလည်း ပြည်တွင်း ပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ပြီး ၎င်းတို့ရှေ့မှောက်တွင် မှတ်ကျောက်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် သံသယများကိုဖျောက်ဖျက်ပြီး ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်၍ နိုင်ငံအကျိုး၊ ပါတီအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ယင်းတင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ကျေးလက်တောင်ပေါ်ဒေသတွင် စာသင်ကျောင်းများ ဖွင့်လှစ်

ပျဉ်းမနား ဇူလိုင် ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း တည်ရှိပြီး ပျဉ်းမနားမြို့နှင့် မိုင် ၄၀ ကျော်ခန့် ဝေးကွာသည့် ကရင်တိုင်းရင်းသား အများစုနေထိုင်ရာ ကျေးလက်တောင်ပေါ်ဒေသဖြစ်သော မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာ၌ ဇွန် ၂၇ ရက်က အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသားများဖြင့် ကျင်းပသည်။ **(ဝဲပုံ)**

နိုင်ငံတော်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မူလတန်းမှ အလယ်တန်းအထိ အခမဲ့ ပညာရေးအဖြစ်ဆောင်ရွက်ပြီး လိုအပ်သည့် ကျောင်းဆောင်၊ ဆရာ ဆရာမနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနေသည့်အပြင် အခက်အခဲများရှိပါက နေပြည်တော်ကောင်စီက ပေါင်းစပ်၍ ဆောင်ရွက်ပေးနေကြောင်း၊ ကျေးလက်တောင်ပေါ်ဒေသများရှိ တိုင်းရင်းသားပြည်သူများလိုအပ်မှုများကို တင်ပြရန်နှင့် တတ်နိုင်သမျှ ကူညီပံ့ပိုးမည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းက အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားပြီး ကျေးလက်တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများနှင့် တရင်းတနှီး ဆွေးနွေးသည်။ ဒေသခံပြည်သူများက တောင်ပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်အခက်အခဲများကို တင်ပြကြသည်။

ဆက်လက်၍ ဂမုန်းတောင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့် အဖွဲ့ဝင်များသည် ကျောင်းရှိ ကျောင်းသားကျောင်းသူလေးများအား စာရေးကိရိယာ၊ ထီးနှင့်ကျောင်းဝတ်စုံ၊ ပညာရေးအထောက်အကူပြုပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

❀ **ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မိခယ်လ် မီယာစနီကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗလာဒီမီမာကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၂

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးခဲ့သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ တစ်ရက်လျှင် ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၆၀၀၁ မှ ၇၂၀၀) ထိကို နံနက် ၈ နာရီမှစ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသည်။ နံနက်ပိုင်းမှစ၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက် စိတ်ဝင်တစားကြည့်ရှုလေ့လာ မှတ်သားကြပြီး ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ပြပွဲသည် ကိုးရက်မြောက်ဖြစ်ပြီး ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားသည့် နေရာများတွင် လာရောက်ကြည့်ရှုသူ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည့်အပြင် ခန်းမအတွင်း၌လည်း ဈေးနှုန်းအဆိုပြုလွှာ ထည့်သွင်းသူ၊ လက်ဝတ်ရတနာအရောင်းဆိုင်များ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်ဆိုင်များ၊ ကျောက်ကပ်ပန်းချီဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၌ ဝယ်ယူအားပေးသူ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် မြန်မာ့တွင်းထွက်ရတနာများနှင့်ကျောက်စိမ်း၊ ကျောက်မျက်များအား ရေရှည်ထုတ်လုပ်နိုင်ရေးနှင့် ထိုက်ထိုက်တန်တန် ရောင်းချနိုင်ရေးအတွက် နေပြည်တော် ရွှေကြာပင်ရပ်ကွက်၌ တန်ဖိုးမြင့်ကျောက်စိမ်း၊ ကျောက်မျက်နှင့် ရတနာအချောထည်ဆိုင်များဖွင့်လှစ်၍ ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇူလိုင် ၆ ရက်အထိ ဆက်လက်ကျင်းပလျက်ရှိပြီး ကျောက်စိမ်း အတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဆုများချီးမြှင့်

နေပြည်တော် ဇူလိုင် ၂

နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် အောင်ချက်အကောင်းဆုံးမြို့နယ်များအား ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများနှင့် လက်ထောက်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ဘဝလမ်းခွဲကို အဓိကဆုံးဖြတ်ပေးရာနေရာဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မှတ်ဖြင့် ကျောင်းသား ကျောင်းသူများ၏ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်၊ ကောလိပ်စသည်တို့ကို ခွဲခြားပေးခြင်းဖြစ်ပါကြောင်း။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား လူငယ်များအပိုင်းကလည်း ရရှိနေသည့်ပညာရေးအရှိန်ကို ဆက်လက်ထိန်းသိမ်းသွားပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ပညာတတ်လူငယ်များဖြစ်လာစေရန် အဆင့်မြင့်ပညာရပ်များကို ကြိုးစားသင်ယူသွားကြရန်နှင့် ဆရာ ဆရာမများအပိုင်းကလည်း အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းမှာကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခြောက်ဘာသာဂုဏ်ထူးရှင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးသူရိန်၊ ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ မပိုးအိခင်၊ မနွေးနွေးထက်နှင့် မနိုနို နိုင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဦးတို့က ခြောက်ဘာသာဂုဏ်ထူးရှင် မအင်ရှင်းဟွန်၊ မမြတ်နိုးဟန်၊ မောင်စိုင်းဟိန်းထက်အောင်၊ မောင်ရဲထက်ဦး၊ မဒူဝေနောင်နှင့် မောင်ဝေယံထက်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဦးကံချွန်နှင့်ဦးမျိုးညွန့်၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူတို့က ငါးဘာသာဂုဏ်ထူးရှင်များနှင့် လေးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များက အောင်ချက်အကောင်းဆုံးမြို့နယ် ပထမဆုရရှိသည့် ဥတ္တရသီရိမြို့နယ်၊ ဒုတိယဆုရရှိသည့် ဒက္ခိဏသီရိမြို့နယ်၊ တတိယဆုရရှိသည့် ဇေယျာသီရိမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း ဒုတိယဆုရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ တတိယဆုရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ စတုတ္ထဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပဉ္စမဆုရရှိသည့် လယ်ဝေးမြို့နယ် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အောင်ချက်အကောင်းဆုံးကျောင်းပထမဆုရ ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

နေပြည်တော်ကောင်စီနယ်မြေမှ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ကိုးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၂၁ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၃၉ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၈၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၄၂ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၅၂၆ ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၈၂၃ ဦးရှိပြီး ရိုးရိုးအောင်မြင်သူ ၃၀၇၁ ဦးရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန် ကျောင်းသားကျောင်းသူများ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် ၂၀၁၄ အဆိုပြုလွှာများခေါ်ယူ

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့မှု နှစ် (၆၀) ပြည့် အထိမ်းအမှတ်လုပ်ရှားမှုအဖြစ် မြန်မာ-ဂျပန်အသင်း (MJA) မှဦးစီး၍ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနက်မှ ၂၀ အားရွေးချယ်ပြီးလျှင် "မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန် ကျောင်းသားကျောင်းသူများ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ်" အဖြစ် ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ် ရှစ်ရက် လေ့လာရေးခရီးစဉ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အတွက် ထူးချွန်ကျောင်းသား ကျောင်းသူများအားရွေးချယ်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ (နေပြည်တော်ကောင်စီနယ်မြေအပါအဝင်) အလိုက်မှ သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူတစ်ဦးစီဖြင့် ၁၅ ဦးနှင့် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ငါးဦး ပေါင်း ၂၀ အား ရွေးချယ်သွားမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများအနက်မှ အမှတ်စာရင်းအလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပဏာမအဆင့် စာရင်းဝင်သူများအဖြစ်သတ်မှတ်ရွေးချယ်၍ မြန်မာ-ဂျပန်အသင်းက ဆက်သွယ်အကြောင်းကြားလျက်ရှိပြီး နောက်ဆုံးအဆင့်ကို စိစစ်ရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဏာမအဆင့် စာရင်းပါရှိသူ ကျောင်းသား ကျောင်းသူများသည် "လေ့လာရေး အစီအစဉ်အတွက် သတ်မှတ်ထားသော အဆိုပြုလွှာပုံစံများ"ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးမှူးရုံးများတွင် ဖြစ်စေ၊ မြန်မာ-ဂျပန်အသင်း ရန်ကုန်ရုံးတွင်ဖြစ်စေ ဆက်သွယ်ရယူပြီး မြန်မာ-ဂျပန်အသင်းရုံး၊ ရန်ကုန်မြို့သို့ ဇူလိုင် ၁၅ ရက် အရောက်ပေးပို့လျှောက်ထားကြရမည်ဖြစ်သည်။ လူတွေ့စစ်ဆေးမှုများအတွက် ဆက်သွယ်အကြောင်းကြားမည်ဖြစ်သည်။

ပဏာမအဆင့်စာရင်းဝင် ပါရှိသူများအနေဖြင့် အဆိုပြုလွှာများ ထုတ်ယူ၊ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ သိရှိစုံစမ်းလိုပါက မြန်မာ-ဂျပန်အသင်း အမှတ် (၃၄/၄၉) သုံးလွှာ (တတိယထပ်) မဟာဗန္ဓုလ ပန်းခြံလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၂၉၇၇-၈၀(လိုင်းခွဲ-၁၂၀)၊ ၀၉-၈၇၀၀၃၄၅၊ ၀၉-၄၂၀ ၀၁၈၀၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားပြီဖြစ်သော မြန်မာနိုင်ငံမှရှေးဟောင်းပျူမြို့တော်များ

ဘော့စ်ဝါနာနိုင်ငံရှိ ကျယ်ပြောသော စိမ့်စမ်းမြေဒေသတစ်ခု၊ ပြင်သစ်နိုင်ငံရှိ သမိုင်းမတိုင်မီခေတ်မှ ဂူတစ်ဂူနှင့် အမေရိကန်ပြည်ထောင်စုရှိ ရှေးခေတ်မြေယာဖြစ်တည်ခဲ့သည့် နေရာတစ်နေရာတို့မှာ မကြာသေးမီရက်များက ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ထည့်သွင်းလိုက်ပြီဖြစ်ရာ ယခုအခါ ယူနက်စကိုအမွေအနှစ်စာရင်းဝင်နေရာပေါင်း ၁၀၀၇ နေရာအထိ ရှိလာခဲ့သည်။

ဘော့စ်ဝါနာနိုင်ငံမှ အိုကာဗန်ဂို မြစ်ဝကျွန်းပေါ်ဒေသ

အိုကာဗန်ဂို မြစ်ဝကျွန်းပေါ်ဒေသသည် ကုလသမဂ္ဂယဉ်ကျေးမှုဆိုင်ရာ အေဂျင်စီစာရင်းတွင် ကမ္ဘာ့ပွင့်ပြမည့် ၁၀၀၀ မြောက် နေရာတစ်ခုဖြစ်လာခဲ့ပြီး ထိုအဖွဲ့အစည်းသည် ၁၉၇၈ ခုနှစ်မှစပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးကို စတင်ဆောင်ရွက်ကာ အိမ်ရှင်နိုင်ငံများအနေဖြင့် အဆိုပါဒေသကို ထိန်းသိမ်းစောင့်ရှောက်ရန် တင်းကျပ်သောစည်းမျဉ်းများ ထုတ်ပြန်ထားသည်။ ဘော့စ်ဝါနာနိုင်ငံ၏ ထူးခြားပြီး ကုန်းတွင်းပိုင်းကျသည့် ယင်းမြစ်ဝကျွန်းပေါ်ဒေသကို "ရာသီဥတု၊ ဇလဗေဒနှင့် ဇီဝဗေဒဆိုင်ရာဖြစ်စဉ်များကြား အပြန်အလှန်အကျိုးပြုမှုကို လေ့လာနိုင်သည့် ထူးခြားသောစံနမူနာတစ်ခုနှင့် ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်နေရသော နို့တိုက်သတ္တဝါအကြီးစား မျိုးစိတ်အချို့အတွက် နေရာ"ဟု ယူနက်စကိုက ဖော်ပြခဲ့သည်။ "သမိုင်းဦးခေတ်မှ အနုပညာလက်ရာများကိုလေ့လာရန်ထူးခြားသောပြယုဂ်" တစ်ခုအဖြစ်ဖော်ပြခံခဲ့ရသည့် အစောဆုံးကျော်ကြားခဲ့ပြီး ကမ္ဘာပေါ်တွင် အကောင်းမွန်ဆုံး ထိန်းသိမ်းထားသည့် ရုပ်ပုံကားများရှိရာ ပြင်သစ်နိုင်ငံ Ardeche ရှိ The Grotte Chauvet ဂူကိုလည်း ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ထည့်သွင်းခဲ့သည်။ ယင်းဂူအားတွေ့ရှိခဲ့ သည့် ၁၉၉၄ ခုနှစ်အထိ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀၀ က ချောက်ကမ်းပါးတစ်ခုမှ ဖြတ်တောက်လိုက်သည့်အတိုင်း ကျန်ရှိနေသေးသည့် The Grotte Chauvet ဂူတွင် Aurignacian ခေတ် (လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀၀ မှ ၃၂၀၀၀) ကိုဖော်ပြနေသည့် ရုပ်ပုံကားပေါင်း ၁၀၀၀ ကျော် ပါဝင်နေသည်။ အနီးကပ်စောင့်ကြပ်ထားသည့် ယင်းဂူသည် လာရောက်လည်ပတ်သူများအတွက် တားမြစ်နယ်မြေဖြစ်သော်လည်း ပုံတူဂူတစ်ဂူကို ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ "နှစ်ပေါင်း ၂၃၀၀၀ ကျော်က ဖုံးကွယ်ထားခြင်းရဲ့ အကျိုးရလဒ်တစ်ခုအဖြစ် ဂူရဲ့ထိန်းသိမ်းစောင့်ရှောက်ထားမှုအခြေအနေနဲ့ စစ်မှန်မှုဟာ ထူးခြားပါတယ်" ဟု ယူနက်စကိုက ဆိုသည်။

ဟိမဝန္တာအမျိုးသားဥယျာဉ်

ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင်ပါဝင်သည့်အခြားနေရာများမှာ ဘီစီ ၅ ရာစုက ဝိုင်ချက်လုပ်ရာနေရာတစ်နေရာဖြစ်သည့် အီတလီနိုင်ငံ Piedmont ရှိ စပျစ်ခြံရှုမျှော်ခင်း၊ အော့တိုမန်အင်ပါယာ၏ လူမှုရေးနှင့် စီးပွားရေးဆောင်ရွက်မှုများကို သရုပ်ဖော်ထားသည့် တူရကီနိုင်ငံ ဘာဆာမြို့တော်ရှိ အိမ်ရာအဆောက်အအုံများနှင့်

ဘာသာပြန် - ကျော်ထိုက်စိုး
(သတင်းစဉ် - နိုင်ငံခြား)

ပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသောမျိုးစိတ်များတည်ရှိပြီး ယနေ့တိုင် အသက်ရှုမှုများလောက်ဖွယ် အထိအခိုက်မခံသည့်ဂေဟစနစ်များ ထိန်းသိမ်းထားရာ ဟိမဝန္တာအမျိုးသားဥယျာဉ်တို့ဖြစ်သည်။

ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ

မြန်မာနိုင်ငံမှ ရှေးဟောင်းပျူမြို့တော်များ

ကမ္ဘာ့အမွေအနှစ်အဖြစ် ချီးမြှင့်ခံရသည့် ရှေးဟောင်းပျူမြို့တော်များနှင့်အတူ မြန်မာနိုင်ငံသည်လည်း ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာခဲ့သည်။ ယင်းကမ္ဘာ့အမွေအနှစ်စာရင်းတွင် အုတ်တံတိုင်းခတ်ထားပြီး ကျုံးဝန်းရံထားသည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ရှေးဟောင်းပျူမြို့တော်သုံးမြို့တွင် တူးဖော်ထားသော နန်းတော်၊ ခံတပ်မြို့များ၊ သင်္ချိုင်းများနှင့် အုတ်ဖြင့်တည်ဆောက်ထားသည့် အထိမ်းအမှတ်ဗုဒ္ဓရုပ်ပွားတော်များ ပါဝင်သည်။

ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထပ်မံထည့်သွင်းထားသည့် တခြားထင်ရှားသောနေရာမှာ အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ်ရှိ သမိုင်းမတိုင်မီခေတ်က Poverty Point မြေတံတိုင်းဖြစ်သည်။ တောင်ပူစာ၊ တောင်ရိုးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် အဆိုပါမြေတံတိုင်းမှာ ဘီစီ ၃၇၀၀ နှင့် ဘီစီ ၃၁၀၀ ကြား နေထိုင်သူများအတွက် အခမ်းအနားများ ကျင်းပရန်ရည်ရွယ်ချက်ဖြင့် ဖန်တီးထားခဲ့ခြင်းဖြစ်သည်။ ထိုနေရာအား ယူနက်စကိုက "အနည်းဆုံး နှစ်ပေါင်း ၂၀၀၀ကြာအောင် တာရှည်ခံမည့် မြောက်အမေရိကမှ မြေသားဖြင့် ဆောက်လုပ်သည့်အတတ်ပညာတွင် အံ့အားသင့်ဖွယ်အောင်မြင်မှု" ဟု ချီးမွမ်းခဲ့သည်။

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသည့် ယူနက်စကို၏(၃၈)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း နောက်ထပ်သမိုင်းဝင်နေရာများအား ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထပ်မံထည့်သွင်းမည်ဟု မျှော်လင့်ရသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သဘာဝဘေးအန္တရာယ်လျော့ပါးရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် (MAP-DRR)ပါလုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ဆန်းစစ်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် မူဘောင်အတည်ပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ကျင်းပသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာတွင် ယခုအချိန်ဟာ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များအဖြစ် အကောင်အထည် ဖော်လျက်ရှိသည့် အချိန်ဖြစ်ကြောင်း၊ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)အနေဖြင့် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူ၊ တာဝန်ခံထားသော သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများအတွက် လက်ရှိအချိန်ထိ အကောင်အထည်ဖော်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိမှု၊ နောက်ဆုံး တိုးတက်မှုအခြေအနေတို့ကို ယခုလို (Midterm Review)ပြုလုပ်ပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပြုပြင်ဆောင်ရွက်သင့်သည်များကို ဆွေးနွေးညှိနှိုင်းရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ "လူ့အသက်ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရရှိပြီးသော ဖွံ့ဖြိုးမှုအရှိန်အဟုန်ကိုအကာအကွယ်ပေးနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံဖြစ်လာစေရန်"ဆိုသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ရေးဆွဲထားသည့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက် (MAPDRR)ပါ ကဏ္ဍ (၇)ရပ်နှင့် ကဏ္ဍခွဲ (၆၅) ခုတို့အား ဆန်းစစ်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများပြုလုပ်ပြီး မူဘောင်အား အတည်ပြုချမှတ်နိုင်စေရန် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Special Envoy of the Government of Japan for National Reconciliation in Myanmar and Chairman of the Nippon Fuoundation Mr.Yohei SASAKAWA နှင့် အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံပြီး မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမှုများ၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း တည်ထောင်မှု၊ မျက်မမြင်များ၏ ပညာသင်ကြားရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များအား ခေတ်စနစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ NIPPON Foundation မှ မျက်မမြင်များ၏ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အကူအညီများ၊ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံ မသန်စွမ်း အနုပညာပွဲတော် ကျင်းပရေးကိစ္စများကို ဆွေးနွေးကြသည်။ ယင်းနောက် ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသော နေပြည်တော်ကောင်စီနယ်မြေရှိ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်များနှင့် သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်း (၆/၂၀၁၄) ဆင်းပွဲတွင် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှေးစေတီဟောင်းတစ်ဆူ၏ ဌာပနာမှ ကျောက်စာတွေ့ရှိ

မိုးညှင်း ဇူလိုင် ၂

ရှမ်းဘာသာစကားဖြင့် ဖလားနန့်စလွန်ဟု ဆိုသော ရှေးစေတီဟောင်းဌာပနာမှ ရရှိခဲ့သည့် ကျောက်စာပါ အလေးချိန်လေးပိဿာခန့်ရှိ ကျောက်တုံးတစ်ခုကို ဇူလိုင် ၁ ရက်က တွေ့မြင်ရသည်။ ရှေးကျောက်စာအပိုင်းအစဖြစ်၍ မည်သည့်လူမျိုးစာပေအနွယ်ဖြစ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းအတွက် အတိအကျမသိနိုင်ဘဲ ဖြစ်နေသည်။ ယင်းကျောက်စာကို ကျောက်တုံးနှစ်ဖက်မျက်နှာစာ၌ တစ်မျက်နှာစီထွင်းထုထားခြင်းဖြစ်သည်။

ရှေးကျောက်စာပါ ကျောက်တုံးကို တွေ့ရှိသိမ်းဆည်းထားသူမှာ မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အုန်းစံဆိုင်ကျေးရွာနေ ဦးအောင်ကြွယ် (တိုင်းလိုင်စာပေ ယဉ်ကျေးမှုအထောက်အကူပြု)ဆိုသူ ဖြစ်သည်။

"ကျွန်တော်ကျောက်စာကျောက်တုံးကို အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာနှင့်မမုန်ကိုင် ကျေးရွာအကြား ဖလားနန့်စလွန်ဆိုတဲ့ ရှေးစေတီဟောင်းမှ တွေ့ရှိခဲ့ပါတယ်။ စိတ်ဝင်စားပြီး ရယူသိမ်းဆည်းထားခြင်း ဖြစ်ပါတယ်။ ရှေးကျောက်စာဆိုတော့ ပညာရှင်များနှင့်တွေ့ပြီး ပြသလေ့လာနိုင်ဖို့လည်းဖြစ်ပါတယ်။ ယခုအချိန်ထိ ဒေသခံသိကျွမ်းသူတွေ ကြည့်ရှုပေမယ့် မည်သည့်စာပေဆိုတာ အတိအကျ အဓိပ္ပာယ် ဖွင့်ဆိုမပေးနိုင်ခဲ့ကြပါဘူး"ဟု ၎င်းကရှင်းလင်းပြောပြသည်။ **(၀၆၃)**

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တိုးမြှင့်

သနပ်ပင် ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် သနပ်ပင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးနေအောင်နှင့် ခရမ်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဟန်က ကျောင်းစည်းကမ်းများနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခြင်း၊ ခရမ်းဆရာတော် ဘဒ္ဒန္တဝေရောစန(သာသနဓဇမ္မောစရိယ၊ သဒ္ဓမ္မောဒယ မ္မောစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ)နှင့် ကျေးရွာအလှူရှင်များက ကျောင်း၏ပညာရေးရန်ပုံငွေအတွက် အလှူငွေကျပ် ၁၃ သိန်းလှူဒါန်းခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်း အခမ်းအနားအောင်မြင်စွာ ပြီးစီးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

"မြန်မာအမျိုးသမီးများနေ့"

ဇူလိုင်လ (၃) ရက်

ရခိုင်ပြည်နယ်တွင် တာဝါတိုင်များ တိုးချဲ့တည်ဆောက်

စစ်တွေ ဇူလိုင် ၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း ကျေးရွာများတွင် GSM တာဝါတိုင်စခန်း ၄၀ နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ငပလီကမ်းခြေဖွံ့ဖြိုးရေးအတွက် ဂျိတ္တော်ကျေးရွာတွင် GSM တာဝါတိုင်စခန်းတစ်ခုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ တည်ဆောက်ခဲ့ရာ ယခုအခါ GSM တာဝါတိုင်စခန်းများ တည်ဆောက်ပြီးစီးသွားပြီဖြစ်ကာ စက်ကိရိယာများ တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း ရခိုင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

ရခိုင်ပြည်နယ်အတွင်း ပထမအဆင့်အနေဖြင့် GSM တာဝါတိုင်စခန်း ၄၇ ခုကို တည်ဆောက်တပ်ဆင်အသုံးပြုလျက်ရှိပြီး ယခုတိုးချဲ့တည်ဆောက်ပြီးစီးသည့် GSM တာဝါတိုင်စခန်းများမှာ စစ်တွေမြို့နယ် ရွှေမင်းဂံ၊ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်၊ ရသေ့တောင်မြို့နယ် စေတီပြင်၊ မောင်တောမြို့နယ် အလယ်သံကျော်၊ ကျီးကန်းပြင်၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲ၊ ကျောက်တော်မြို့နယ် အပေါက်ဝ၊ မြောက်ဦးမြို့နယ် တိမ်ညို၊ ထမရစ်၊ ဖြုတ်ချောင်း၊ မင်းပြားမြို့နယ် ကမ်းနီ၊ မြေပုံမြို့နယ် ကိုရံပြင်၊ သရက်တောင်၊ ဘူးသီးတောင်မြို့ပေါ်၊ အမ်းမြို့နယ် ကစုကိုင်း၊ ရှူးရွာ၊ စခန်းမော်၊ ကျောက်မြောင်း၊ ကျောက်ဖြူမြို့နယ် ကျောက်ရှောက်၊ စနဲ၊ ရမ်းဗြဲမြို့နယ် လေးတောင်၊ ကုန်းဘောင်၊ တောင်ကုတ်မြို့နယ် မအီ၊ လမူမော်၊ ရွာမ၊ သံတွဲမြို့နယ်၊ ကျောက်ကြီး၊ ဆင်ခေါင်း၊ ဇလွန်၊ ဂျိတ္တော၊ ဂွမြို့နယ် ဆတ်သွား၊ ညောင်ချောင်း စသည့်မြို့နယ်များရှိ ကျေးရွာများတွင် GSM တာဝါတိုင်စခန်းသစ် ၃၄ ခုနှင့် နဂိုရှိပြီး မိုက္ကရိုဝေ့(ဗ်)စခန်းများဖြစ်သော ကျောက်တော်မြို့နယ် မာလာ၊ မြေပုံမြို့နယ် အုတ်ကန်၊ တောင်ကုတ်မြို့နယ် တောင်ပုံကြီး၊ ဂွမြို့နယ် သဲကုန်းနှင့် ချင်းပြည်နယ် ပလက်ဝမြို့ပေါ် စသည့် မြို့နယ်များမှ ကျေးရွာများတွင် GSM တာဝါတိုင်စခန်းသစ် ခုနစ်ခု စုစုပေါင်း အသစ်တိုးချဲ့တည်ဆောက်သည့် စခန်း ၄၁ ခုဖြစ်၍ ယခင်တည်ဆောက်အသုံးပြုနေသည့် GSM စခန်း ၃၇ ခုအပါအဝင် ရခိုင်ပြည်နယ်အတွင်း GSM တာဝါတိုင်စခန်း ၈၈ ခုဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

၂၇-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)တွင် အမွေစား အမွေခံသားသမီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ကြောင်း (သွာနုတ္တသမီးများဖြစ်ကြောင်း) အများသိစေရန်ကြေညာခြင်းအပေါ် ဖခင်ကြီးဦးရန်အောင် ၁၂/မရက(နိုင်)၁၃၈၀၄၃ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃ ရပ်ကွက်၊ သန့်ဇင်လမ်း၊ အမှတ် ၂၄/ခ နေ ဦးရန်အောင် ၁၂/မရက(နိုင်)၁၃၈၀၄၃၊ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ၏ သားရင်းသမီးရင်းများဖြစ်ကြသော (၁)ဦးမောင်လှ(ခ)ဦးအေးမြင့် ၁၂/မဂတ(နိုင်)၀၄၃၄၉၃၊ (၂) ဒေါ်မြင့်မြင့်ကြည်(ခ)မေစီ ၁၂/မရက(နိုင်)၀၄၁၆၁၈၊ (၃)ဒေါက်တာဆန်းဦး ၁၂/ပဇတ(နိုင်)၀၂၅၃၉၃၊ (၄)ဒေါ်မြင့်မြင့်သိန်း(ခ)ဒေစီ ၁၂/ မရက(နိုင်)၁၁၆၈၃၃၊ (၅)ဒေါ်တင်တင်ဝင်း(ခ)အေးအေးမြင့် LTA- ၀၀၅၆၃၃၊ (၆) ဒေါ်အေးအေး(ခ)ဒေါ်အေးအေးဝင်း LTA-၀၀၅၉၇၇ တို့က အနန္တဂိုဏ်းဝင်ကျေးဇူး ရှင်ဖခင်ကြီး ဦးရန်အောင်အား ဦးထိပ်ထားပြီး အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃ရပ်ကွက်၊ သန့်ဇင်လမ်း၊ အမှတ် ၂၄/ခ နေအိမ်တွင် သမီးများဖြစ်သော ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်မြင့်မြင့်သိန်းတို့သည် ဖခင်ကြီး ဦးရန်အောင်နေထိုင်သည့် နေအိမ်တွင် အတူနေထိုင်လာခဲ့ကြခြင်းဖြစ်သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ သားသမီးများက ဖခင်ကြီးအား အနီးကပ်ပြုစု စောင့်ရှောက်လာကြခြင်းဖြစ်ပါသည်။ ဖခင်ကြီးသည် မိခင်ကွယ်လွန်သည့်အခါ သားရင်းသမီးရင်းခြောက်ဦးရှိပါလျက် ကိတ္တိမသမီး (၁)ဒေါ်နုနုဆွေ ၁၀/ဘလန(နိုင်)၀၄၂၀၆၁၊ (၂)ဒေါ်ယုယုဆွေ ၁၀/ဘလန(နိုင်)၀၄၂၀၆၂ နှင့် (၃)ဒေါ်အိအိထွေး ၁၀/ဘလန(နိုင်)၀၇၂၀၅၀ တို့ ညီအစ်မသုံးဦးကို တရားဝင်မွေးစားခဲ့ပြီး အတူနေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဖခင်ကြီး ဦးရန်အောင်က ၎င်းမကွယ်လွန်မီမွန်မြတ်သောစိတ်ဆန္ဒဖြင့် နောင်တွင် ပြဿနာမပေါ်ပေါက်စေရန် ဖခင်ကြီးပိုင်ဆိုင်သော ပစ္စည်းအရပ်ရပ်အားလုံးအား သားရင်းသမီးများနှင့် တကွ ကိတ္တိမမွေးစားသမီးများအားလုံး ညှိနှိုင်းသဘောတူညီမှုရရှိသဖြင့် ၂-၁၂-၂၀၁၃ ရက်စွဲဖြင့် ဖခင်ကြီး ဦးရန်အောင်၏ရှေ့နေ ဦးစိုးသိန်း(တရားလွှတ်တော်ရှေ့နေကြီး)ကိုယ်တိုင် မိသားစု၏ အမွေပုံစီမံခန့်ခွဲမှုမှတ်တမ်းကို ပြုစုရေးသားဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ အမွေပုံစီမံခန့်ခွဲမှုမှတ်တမ်းအရ သားရင်းသမီးများရရှိသည့် အမွေပုံပစ္စည်းမြေအစိတ်အပိုင်းနှင့် အဆောက်အအုံတို့ကို ဖခင်ကြီးက အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်ပြုလုပ်ပေးကမ်းထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာမြေယာဌာနတွင် သားသမီးများ၏အမည်ပေါက်ပိုင်ဆိုင်ရရှိခဲ့ပြီး ဖြစ်ပါသည်။

သားသမီးများသည် မိခင်မကွယ်လွန်မီကသော်လည်းကောင်း၊ ဖခင်ကြီး သက်ရှိထင်ရှားရှိနေစဉ်သော်လည်းကောင်း မိဘများစိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမျိုးဖြစ်အောင် မည်သည့်အခါကမျှ ပြုလုပ်ခဲ့ခြင်းမရှိပါ။ သားသမီးများသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသဖြင့် ပဉ္စာနန္တရိယကံထိုက်မည်ကို အလွန်အကြောက်ဆုံးဖြစ်ကြပါသည်။ သားသမီးများသည် သွာနုတ္တသားသမီးများဖြစ်ထိုက်သည့် အကြောင်းကိစ္စရပ်များ မရှိပါ။ ဖခင်ကြီးသည် အသက်(၉၀)နီးပါးခန့်ရှိသည်ဖြစ်၍ အမွေပစ္စည်းများ ခွဲဝေပေးပြီးနောက် သားသမီးများရရှိသည့် မြေအစိတ်အပိုင်းများကို သားသမီးများ မသိရှိဘဲ ဦးနေဝင်းမောင်အား ပြန်လည်ရောင်းချခဲ့ခြင်း၊ အခြားဘေး ပရောဂများရှိနေခြင်းကြောင့် နေအိမ်တွင် အတူနေထိုင်သည့် သမီးများအား နေအိမ်ထဲသို့ဖြစ်စေ၊ ခြံဝင်းထဲသို့ဖြစ်စေ အဝင်မခံတော့ဘဲ တံခါးများသော့ပိတ်ခတ်ထားသဖြင့် ယနေ့အချိန်ထိ နေအိမ်ထဲသို့ဝင်ခွင့်မရဘဲ တစ်ခြားမောင်နှမများအိမ်တွင် သွားရောက်နေထိုင်ခဲ့ရခြင်းဖြစ်ပါသည်။ မိမိတို့ပိုင်ငွေကြေးများ၊ အဝတ်အစားများလည်း ယူခွင့်မရဘဲဖြစ်ရပါသည်။ သားသမီးများက မလွှဲမရှောင်သာသဖြင့် အရေးယူဆောင်ရွက်ခဲ့ရခြင်းသာဖြစ်ပါသည်။ အမွေပုံပစ္စည်းကိစ္စရပ်များနှင့်ပတ်သက်၍လည်း သတင်းစာများတွင် အများသိစေရန် ကြေညာထားခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမောင်လှ(ခ)ဦးအေးမြင့် ၁၂/မဂတ(နိုင်)၀၄၃၄၉၃ နှင့် မောင်နှမများ



ဖခင် အမည်မှန်

အထက(၄) သင်္ဃန်းကျွန်း၊ နဝမတန်း(G)မှ မနန်းဘောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်း ဖြစ်ပါသည်။

ဦးအောင်သိန်း

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအတွက် ဆေးဝါးပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရရှိမည့်ရက် - ၃-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၈-၂၀၁၄ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
နေပြည်တော် ခုတင်(၁၀၀၀)ဆံ့
အထွေထွေရောဂါကုဆေးရုံကြီး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၈၁၊ ခုနစ်လွှာ (ခေါင်းရင်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်၏လက်ရှိပိုင်ရှင် ဦးသိန်းလွင် ၁၂/လမတ(နိုင်)၀၁၅၆၆၈ ထံမှ ကျွန်ုပ် မိုးမြင့်သူ ၁၂/လသန(ပြု)၀၀၁၀၁၃ က အပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မိုးမြင့်သူ
ဖုန်း-၀၉-၅၀၂၇၇၈၂

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စဥ့်ကူးမြို့နယ်ရှိ ကျေးရွာအချို့ ရေဦးပေါက် ရေတိုက်စားကမ်းပါးပြို

စဥ့်ကူး ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်တွင် မိုးတွင်းကာလမတိုင်မီက ကျေးရွာအချို့တွင် ရေတိုက်စား၊ ကမ်းပါးပြိုမှု များနေခဲ့သော်လည်း ယခု မိုးတွင်းကာလ ရေဦးပေါက်လာသည်နှင့် ကမ်းပါးနှင့်နီးလျက်ရှိသော ကျေးရွာအချို့တွင် ရေစီးသန်၊ ဝက်တိုးစား(ကမ်းပါးအောက်ခြေရေလှိုက်စားမှု)တို့ကြောင့် တစ်စထက်တစ်စပြောင်းရွှေ့ရမည့် အခြေအနေများကြုံတွေ့နေရကြောင်း သိရသည်။

စဥ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့သည် မြေနုကျွန်းများပေါ်တွင်သာ ရွာတည်ထောင်နေကြရသည့် ရွာများဖြစ်သည့်အလျောက် မြေတည်ငြိမ်မှုမရှိဘဲ မြစ်ကြောင်းပြောင်းလဲမှုများအပေါ် တည်မှီပြီး တစ်နေရာနှင့် တစ်နေရာ ပြောင်းရွှေ့ ရွာတည်နေထိုင်ကြရသည်။

ကမ်းပါးပြိုမှုကြောင့် အိမ်များပြောင်းရွှေ့ဆောက်လုပ်မည့် မြေနေရာရှာရ၊ လုပ်ကိုင်စားသောက်ရသည့် မြေလည်းရေတိုက်စား မြစ်ရေပြင်ဖြစ်မှုတို့ကြောင့် သွားစရာမရှိ၊ စားစရာမရှိဖြစ်ကြရပြီး မြေနုကျွန်းသားတို့ဘဝ မိသားစုစားဝတ်နေရေး လုံခြုံမှု မရှိကြသေးကြောင်း သိရသည်။

"ဘိုးစဥ်ဘောင်ဆက် မြေနုကျွန်းမှာပဲ ခေါင်းချပြီး အသက်မွေးဝမ်းကျောင်းလုပ်ခဲ့တော့လည်း ဒီဒေသကို မစွန့်နိုင်ကြဘူး။ မြို့တက်မယ်ဆိုတော့လည်း မြို့မြေကွက်ဈေးက အဘတို့မတတ်နိုင်ဘူး။ ဒါကြောင့် ဒီနေရာ ကမ်းပါးပြို ဟိုနေရာရွှေ့ ဆိုသလို ဘဝပေးအခြေအနေအရ ဖြစ်အောင်နေရတာပဲ။ တဖြည်းဖြည်းနဲ့ အဘတို့ ကျွန်းပိုင်းတောင်သူတွေ ကမ်းပါးပြိုလို့ မြေရှား၊ နွေရောက်တော့လည်း သောင်ထွန်းလို့ ရေရှား၊ သားစဥ်မြေးဆက် တောင်သူလုပ်ငန်းနဲ့ ရပ်တည်နိုင်ပါ့မလားလို့ စဉ်းစားနေရတယ်" ဟု ကိုင်းကျွန်းတောင်သူတစ်ဦးက ပြောပြသည်။

ယခုအခါ စဥ့်ကူးမြို့နယ်၌ ဝါဆိုဝါခေါင် ရေဦးပေါက်တွင် ဆည်သည်ကျေးရွာ၊ ချောင်းဝစားကျက်ကြီး၊ ရွာသာ၊ ကျွန်းဦးနှင့် စည်ပင်ကျွန်းကျေးရွာများတွင် ရေတိုက်စား ကမ်းပါးပြိုသည့် သဘာဝဘေးဒဏ်ခံနေကြရကြောင်း သိရသည်။

(၄၃၃)

နယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်းများတွင် လူဦးရေစာရင်းကောက်မည်

ထိုင်း-မြန်မာနယ်စပ်အနီး တာ့ခ်ခရိုင်အတွင်းရှိ မဲဆောက်မြို့အနီး မယ်လ မြန်မာဒုက္ခသည်စခန်းကို ဇွန် ၃၀ ရက်က တွေ့ရစဥ်။

မဲဆောက် ဇူလိုင် ၂

ထိုင်း-မြန်မာနယ်စပ် ဒုက္ခသည်များရှိ မြန်မာဒုက္ခသည်များ၏ လူဦးရေကိန်းဂဏန်း အတိအကျကို ယခုလမှစတင်ကာ စာရင်းကောက်ယူတော့မည်ဖြစ်ပြီး စခန်းအတွင်းရှိ ဒုက္ခသည်များနှင့် သက်ဆိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံ သတင်းအရင်းအမြစ်များမှ သိရသည်။

အမည်မဖော်လိုသူ အဆိုပါ ထိုင်းတာဝန်ရှိသူက "ဒုက္ခသည်တွေကို စာရင်းအတိအကျ ကောက်ယူသွားမယ်၊ လက်ရှိဒုက္ခသည်တွေမှာ UNHCR က အသိအမှတ်ပြုထားတဲ့ လူတွေရှိသလို မပြုထားတဲ့လူတွေလည်းရှိတယ်။ အစီအစဥ်တွေကတော့ ဒုက္ခသည်တွေနဲ့ ပတ်သက်တာတွေကို စနစ်တကျ ကိုင်တွယ်နိုင်ဖို့အတွက်ပဲဖြစ်ပါတယ်" ဟု ဆိုခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒုက္ခသည်များနှင့် သက်ဆိုင်ခြင်းမရှိသော စခန်းအတွင်းရှိ ဈေးတန်းကြီးများ၊ အင်တာနက်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ဆက်စပ်လျှပ်စစ်ပစ္စည်းမျိုးစုံဆိုင်များ၊ ပြည်တွင်း ပြည်ပ တယ်လီဖုန်း ဝန်ဆောင်မှုပေးသည့်ဆိုင်များ၊ မော်တော်ဆိုင်ကယ်တက္ကစီများ၊ အခပေးကြည့်ရှုရသည့် ရုပ်သံလိုင်းများ အပါအဝင် အခြားမလိုလားအပ်သည်များကို ရှင်းလင်းဖယ်ရှားသွားမည်ဟုလည်း ဖြည့်စွက်ပြောကြားခဲ့ကြောင်း ထိုင်း-မြန်မာနယ်စပ်ရှိ မြန်မာတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံ၏ လက်ရှိအာဏာသိမ်းစစ်ကောင်စီသည် မြန်မာဒုက္ခသည်များကို အမြန်ဆုံးနေရပ်ပြန်ပို့နိုင်ရေးအတွက် လုပ်ငန်းစဥ်များ ချမှတ်ဆောင်ရွက်နေသည်ဟု နယ်စပ်အရေးလေ့လာနေသူများက သုံးသပ်ပြောဆိုနေကြောင်းလည်း သိရသည်။ ထိုင်းနယ်စပ် လေးခရိုင်တွင် မြန်မာဒုက္ခသည်စခန်း ကိုးခုရှိပြီး မြန်မာဒုက္ခသည် တစ်သိန်းကျော် နေထိုင်လျက်ရှိရာ ထိုင်းနယ်စပ်များတွင် ဆယ်စုနှစ်သုံးခုကြာ(၃၀နှစ်) ခိုလှုံနေသည်များအနေနှင့် လက်ရှိ မြန်မာနိုင်ငံရေး အခင်းအကျင်းများအရ နေရပ်ပြန်ရန် သင့်တော်သည့်အချိန်ဖြစ်သည်ဟု ပြီးခဲ့သောလက မဲဆောက်မြို့တွင်ပြုလုပ်သည့် မြန်မာဒုက္ခသည်များ နေရပ်ပြန်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ထိုင်းအာဏာပိုင်များက ပြောဆိုခဲ့ကြောင်းဖြင့် ထိုသတင်းအရင်းအမြစ်များမှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

ပိုးသတ်ဆေးပြားများ မှားသောက်မိ၍ သေဆုံး

နေပြည်တော် ဇူလိုင် ၂

ဇွန် ၃၀ ရက် ည ၉ နာရီက မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဗဟင်းတိုက်နယ်ဆေးရုံတွင် အဆိပ်သင့်လူနာတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဗဟင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မြိုင်မြို့နယ် သဒ္ဒတ်အုပ်စု သာယာကုန်းကျေးရွာနေ မကြူမာဝေ(၂၁ နှစ်)သည် ဆေးသောက်ရန် ဆေးယူရာမှ ကုလားပဲအိတ်များတွင်ထည့်၍ အသုံးပြုသော အမိုနီယမ်ဖော့စဖိတ် ပိုးသတ်ဆေးပြားများနှင့် မှားယွင်းသောက်မိခဲ့သောကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရှိရပြီး ဗဟင်းနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

ဘိန်းစိမ်း

၄ ဒသမ ၈၉၉ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂

ဇွန် ၂၉ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ဆောင်းပြောင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ပင်လောင်း-ဖယ်ခုံလမ်းတွင် ယာဥ်များ စစ်ဆေး ရှာဖွေနေစဥ် ဖယ်ခုံဘက်မှ ပင်လောင်းဘက်သို့ ဖယ်ခုံမြို့ ညောင်ကုန်း(၄)ရပ်ကွက်နေ ရွှေဝါထွန်း(၂၄ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ဆိုင်ကယ်ရှေ့ဒူးကာကြားမှ ဘိန်းစိမ်းဟု ယူဆရသော အမည်းရောင်အစေး ၄ ဒသမ ၈၉၉ ကီလိုခန့် တန်ဖိုးငွေကျပ် ၃၁၈၄၃၅၀ ကို ဖမ်းဆီးရမိခဲ့သည်။

ကိုရဲ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

တောင်ငူခရိုင်တရားမရုံးတော်၌

၂၀၁၄ ခုနှစ် ဇာရီမှုအမှတ်-၁၉

၂၀၁၃ ခုနှစ် မူလတရားမမှုအမှတ်-၄

မြဝတီဘဏ်လီမိတက် နှင့် ဦးတင်သောင်း ပါ(၂)ဦး
(နေပြည်တော်)

ဒီကရီရသူ **တရားရှုံးများ**

၂၀၁၃ ခုနှစ် တရားမမှုအမှတ်-၄ တွင် စရိတ်များအပါအဝင် ငွေကျပ်အတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုး သက်ဆိုင်ခြင်းကို ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အရေးအမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၇/မင်းကြီးညိုတောင်)၊ ဦးပိုင်အမှတ် ၁၈၇/၄၄၂၊ မြေဧရိယာ ဝဒသမ ၁၁၀ဧကရှိ ဦးတင်သောင်းအမည်ပေါက် နှစ် ၃၀ ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအားလုံးနှင့် အကျိုးခံစားခွင့်များအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာသမျှ ဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။ **တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဥ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဥ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီတိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကိုချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဦးရွှေ
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ငူခရိုင်တရားရုံး

23
မဆလာ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ် 8A/2187၊ ၈က/၂၁၈၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဝန်ထမ်းအလိုရှိသည်

AGTI Mechanical (၃)ဦး
AGTI Electrical (၁)ဦး
ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀၀၁၃၄၆

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဝိုး ၁၃/ကတန(နိုင်)၀၀၁၀၇၉၏ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၆၁၀၅၉၇၅

ပျောက်ဆုံး

ကျွန်တော်များ TAINE HTET AUNG CO.,LTD.၏ မော်တော်ယာဥ် ထုတ်/သွင်းကုန်ပါမစ် ILV 13-14. 3060/3061 နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍တွေ့ရှိကဖုန်း-၀၉-၄၂၅၃၁၃၅၅၇ သို့ ဆက်သွယ်ပါရန်။

ဦးရဲမင်းပိုင်(သချ်ာ) 09420129333
၁၀တန်း အသင်္ချာ ၅၀၀၀၀
ညနေပိုင်းတန်း(၅း၀၀-၈း၀၀)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ် ၅ခ/၅၆၅၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အမည်ပြောင်း

ဦးချစ်လေး၏သား အထက(၄) မ/ဒဂုံ X-D တွင် ပညာသင်ကြားနေသော မောင်ဏ္ဍဇာက်အား ဇင်မင်းခန့် ဟု ပြောင်းလဲခေါ်ပါရန်။

ဥတုရာသီ တောကိုမှီ

KTK MRTV DVB-T2 Set-Top Box
II Electronic
Tel:01-249425, 384221, 246401
Kaung Thant Kyaw Trading Co.,Ltd.
B1,Room.23,Hledan,kamayut,Yangon
Tel : 01-526714

ဖခင်အမည်မှန်

နေပြည်တော် အထက တက္ကသိုလ်ဝင်တန်း(င)မှ မသိမ့်သိမ့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအေးလှိုင် ၁၄/ကပန(နိုင်)၀၁၄၈၇၂ ဖြစ်ပါသည်။
ဦးအေးလှိုင် ၁၄/ကပန(နိုင်)၀၁၄၈၇၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဇူလိုင် ၂

၂၀၁၄-၂၀၁၅ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၄၈ ဒသမ ၃၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ဝ၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၀၃ ဒသမ ၃၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၄ ဒသမ ၁၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၁၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁၁ ဒသမ ၂၂ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် မေလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၈၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၆ ဒသမ ၈၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၃ ဒသမ ၁၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၃၉ ဒသမ ၉၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၆၃ ဒသမ ၈၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၇၆ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၈၇ ဒသမ ၅၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၉၄၇ ဒသမ ၅၇ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

(သတင်းစဉ်)

တောင်တွင်းကြီးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များထုတ်လွှင့်သော လွှင့်စက်ချွတ်ယွင်း

နေပြည်တော် ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ထုတ်လွှင့်ပေးလျက်ရှိရာ တောင်တွင်းကြီးမြို့၊ နတ်မောက်၊ မြို့သစ်၊ ဆတ်သွား၊ ကုက္ကိုကုန်း၊ အလယ်ရွာ၊ မြင်းပြင်၊ ကျောင်းတော်ရာ၊ သစ်ရာကောက်၊ ညောင်ပင်သာနှင့် ကျဂန်းကျေးရွာတို့မှ ဖမ်းယူရရှိကြသည်။

ဇွန် ၉ ရက် ညနေ ၄ နာရီတွင် လွှင့်စက်ချွတ်ယွင်းမှုဖြစ်ပေါ်၍ စစ်ဆေးကြည့်ရာ လွှင့်စက်၏ Output Power Amplifier နှစ်လုံးမှ No.1 PA ၏ Main Breaker ချွတ်ယွင်းပြီး No.2 PA တွင် Alarm Indicator များ ပြသနေသည်ကို တွေ့ရှိရသည်။

လွှင့်စက်ဝယ်ယူတပ်ဆင်ထားသည့် ကုမ္ပဏီနှင့် ပူးပေါင်းစမ်းသပ်စစ်ဆေးမှုအရ လွှင့်စက်မှာ မူလထုတ်လုပ်သည့် အီတလီနိုင်ငံ DMT Company သို့ ပြန်လည်ပေးပို့ပြုပြင်ရမည်ဖြစ်ပြီးပြုပြင်ရန် ခန့်မှန်းကာလ နှစ်လခန့် ကြာမြင့်မည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်များ ပုံမှန်ကြည့်ရှုနိုင်ရန်အတွက် Eurotel (200W) လွှင့်စက်ကို ဇွန် ၁၅ ရက်တွင် တောင်တွင်းကြီးမြို့သို့ ပေးပို့၍ ဇွန် ၁၆ ရက်တွင် လွှင့်အား (200 Watts) ဖြင့် ယာယီထုတ်လွှင့်ပေးလျက်ရှိသည်။ ယင်းကဲ့သို့ လွှင့်အား (200 Watts) ဖြင့် ထုတ်လွှင့်မှုကို တောင်တွင်းကြီး၊ ဆတ်သွား၊ ကုက္ကိုကုန်းကျောင်းတော်ရာဒေသများတွင်သာ လွှင့်အား ပျံ့နှံ့နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဘေးသင့်ပြည်သူများသို့ ထောက်ပံ့ငွေများလှူဒါန်း

စေတုတ္တရာ ဇူလိုင် ၂

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အမှတ်(၂) ရပ်ကွက် လယ်ပြင်စုရပ် မီးဘေးသင့်ပြည်သူများသို့ စလင်းမြို့နယ်ပြည်သူများက ဒုတိယအကြိမ် ထောက်ပံ့လှူဒါန်းငွေ ၁၀၉ သိန်း ၂ သောင်းကို စလင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များက ဇွန် ၂၉ ရက်တွင် လာရောက်လှူဒါန်းရာ အမှတ်-၂ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် မီးဘေးကယ်ဆယ်ရေးကွပ်ကဲမှု ကော်မတီဝင် ဦးမြင့်လွင်တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၉၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၂
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်မထအသစ်)	တစ်အိတ်	၁၇၄၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၀၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ ဓာတ်ပုံ/ဓာတ်ပုံ ဖော်ပြသည်။

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က ဇီးကုန်း- ဘော်ဘင်ကားလမ်းဘေး ထန်းတပင် ကျေးရွာထိပ် ၌ကျင်းပရာ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး

ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ ၃၀၀ ကျော်တို့က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မဲဇလီ၊ ပိတောက် စသည့် သစ်မျိုးစုံ အပင် ၁၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။

သက်ထက်

အမည်ပြောင်း

မအူပင်မြို့ အထက(၁) တတိယတန်း(A)တွင် ပညာသင်ကြားနေသော ဦးကျော်ဝင်း-ဒေါ်ကျင်ရွှေတို့၏သမီး မသက်မြတ်နိုးဦးအား မဟေသာလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။



CLAIMS DAY NOTICE
MV. HANA THETIS

Consignees of cargo carried by MV. HANA THETIS are here by notified that the vessel will arrive on about 11-4-2014 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၈၆

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၃၆၉၊ မြေကွက်တည်နေရာအမှတ် ၃၆၉၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ခင်အေးသန်း MUN-၁၅၃၀၃၇ အမည်ပေါက်ပါမစ်မြေအား စာချုပ်အဆက်စပ်ဝယ်ယူသူ ဦးသန်းဆွေ ၁၂/လကန(နိုင်)၀၇၂၉၁၃ထံမှ ကျွန်တော် ဦးရဲမျိုးသူ ၇/ရတန(နိုင်)၀၀၀၅၉၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲမျိုးသူ
၇/ရတန(နိုင်)၀၀၀၅၉၁
အမှတ် ၆၀၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

❖ *ကျောက်ဖြူ*

ထိုင်ဝမ်အခြေစိုက် အဆိုပါ လုပ်ငန်းစုမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ကနဦးသုံးစွဲငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်လျာထားပြီး တစ်နှစ်လျှင် ရှူးဖိနပ်အရေအတွက် သုံးသိန်းနှင့်အထက် ထုတ်လုပ်သွားနိုင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

ထိုလုပ်ငန်းစုသည် ကမ္ဘာပေါ်တွင် ရှူးဖိနပ်ထုတ်လုပ်မှု ထိပ်တန်းကုမ္ပဏီများတွင်ပါဝင်ပြီး မြန်မာနိုင်ငံတွင်လည်း စက်ရုံတည်ဆောက်ပြီးစီးသွားပါက လာမည့်ငါးနှစ်တာအတွင်း အမြင့်ဆုံးတစ်နှစ်လျှင် ဖိနပ်ရှစ်သိန်းအထိ တိုးတက် ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း လုပ်ငန်းစု၏ အမှုဆောင်အရာရှိချုပ် Patty Tsai ကပြောကြားသည်။

စက်မှုဇုန်ဖော်ဆောင်မှုနှင့် အခြေခံအဆောက်အအုံများတည်ဆောက်မှုအားကောင်းလာသည်နှင့်အမျှ ပြည်တွင်းသို့လာရောက်ရင်းနှီးမြှုပ်နှံသူအရေအတွက်မှာလည်း တိုးမြင့်လာကာ ယခုလအတွင်းရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာလည်း လုပ်ငန်းခွင့်ပြုမှုကို ၁၀ ခုအထိ ခွင့်ပြုထားပြီးဖြစ်သည်။

ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့များမှ ကြိုတင်မှန်းဆချက်များအရ လာမည့်ငါးနှစ်တာအတွင်း သီလဝါစက်မှုဇုန်တွင် အစားအသောက်နှင့်အဖျော်ယမကာ လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ဓာတုပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်ပြင်းစွာဝင်ရောက် လုပ်ကိုင်လာမည်ဖြစ်ကြောင်း သိရသည်။

စောင့်ကြည့်လေ့လာ အကြံပြုအကဲဖြတ်သည့် အဖွဲ့တစ်ခုဖြစ်သော ဂျပန်နိုင်ငံအခြေစိုက် Enviromental Resources Management၏ မျှော်မှန်းလေ့လာမှုအရ လာမည့်ငါးနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးလာမည့် စီးပွားရေးလုပ်ငန်းများအဖြစ် သစ်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ၊ စက်ရုံသုံးပစ္စည်းကိရိယာ လုပ်ငန်းများ၊ လျှပ်စစ်နှင့် လျှပ်စစ်သုံး ပစ္စည်းလုပ်ငန်းများ၊ မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လှိုင်လင်ခရိုင် လှိုင်လင်မြို့၌ ဇူလိုင် ၁ ရက် နံနက်စောစောပိုင်းက ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကညန(ခရိုင်ရုံး)အတွင်းရှိ ခရိုင်မှူးနေအိမ်နှင့် အစောင့်နေအိမ်အကြားရှိ ကားဂိုဒေါင်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးမှုများကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး)

မိုးလွင်ဦး (လှိုင်လင်)

✳ *ကျောက်ဖြူ*

ပြီးခဲ့သည့်နှစ်က မော်တော်ယာဉ်စီးရေပေါင်း ၅၉၇၈၃၉ စီး ရှိခဲ့သည်။ ယင်းမှာ မော်တော်ယာဉ် အမျိုးအစား မျိုးစုံဖြစ်ပြီး ၂၀၁၂ ခုနှစ်က မော်တော်ယာဉ် အစီးရေ ၄၆၁၀၅၅ စီးထက် ပိုမိုများပြားခဲ့သည်။ ယခု ၂၀၁၄ ခုနှစ်တွင်လည်း မော်တော်ယာဉ် တင်သွင်းမှုများရှိနေဆဲဖြစ်ရာ မော်တော်ယာဉ်အရေအတွက် ဆက်လက်များပြားနေမည် ဖြစ်သည်။

ထို့အတူ မော်တော်ယာဉ်တိုက်မှုများလည်း တိုးမြင့်ဖြစ်ပွားလျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က စုစုပေါင်းယာဉ်တိုက်မှု ၁၃၉၀၂ မှုဖြစ်ခဲ့သည်။ ထို့ကြောင့် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိမော်တော်ယာဉ်များကို ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ ငွေကြေး ပြန်လည်ရရှိနိုင်ရန် အလုံးစုံအာမခံထားရှိသင့်ကြောင်း မြန်မာ့အာမခံ လုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် သက်တမ်းကြာမြင့်နေပြီဖြစ်သော ယာဉ်အို၊ ယာဉ်ဟောင်းများကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှ စတင်ကာ ဖျက်သိမ်းပြီး မော်တော်ယာဉ် တင်သွင်းမှုများ ခွင့်ပြုခဲ့သဖြင့် မော်တော်ယာဉ်အစီးရေ များပြားလာခြင်းဖြစ်သည်။ များပြားလာသော မော်တော်ယာဉ်များနှင့်အတူ မော်တော်ယာဉ်အလုံးစုံ အာမခံထားမှုလည်း ပြုလုပ်ထားသင့်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဓာတ်တိုင်နှင့်မလွတ်သည့် သစ်ကိုင်းခုတ်ရာမှ ဓာတ်လိုက်သေဆုံး

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်တွင် လျှပ်စစ်ဓာတ်ကြိုးနှင့်မလွတ်သော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရာမှ ဓာတ်လိုက်သေဆုံးသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က အမှတ်(၁)ရပ်ကွက် ၂ လမ်းသွယ် (၁)နှင့် အောင်မေတ္တာလမ်းထောင့်ရှိ အမှတ်(၇၃)(ခ)နေအိမ်ရှင် ဦးတင်ထွဋ်က အိမ်ခေါင်ပေါ်ရှိဗန်ဒါပင်သစ်ကိုင်းများမှာ ဓာတ်ကြိုးများဖြင့် ထိနေသဖြင့် အလုပ်သမားဖြစ်သူ မြို့သစ်(၄)လမ်း အိမ်အမှတ်(၁၂၅) နေ မောင်ဇော်မင်းထွန်းကို ခေါ်ယူ၍ ဓာတ်ကြိုးနှင့်မလွတ်သော ဗန်ဒါပင်များခုတ်ခိုင်းရာမှ ဓာတ်လိုက်၍ အိမ်ပေါ်ရှိ အိမ်မိုးသွပ်ပြား**(ဝပုံ)**ပေါ်သို့ပြုတ်ကျသွားကာ အနီးရှိတွေ့မြင်သူတို့မှ ပွေ့ချီခေါ်ယူပြီး အင်းစိန်ဆေးရုံကြီးသို့တင်ပို့ရာ ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်းသိရသည်။

ဖြစ်ပွားရာသို့ သက်ဆိုင်ရာ ဘုရင့်နောင်ရဲစခန်းမှ အပိုင်ရဲကင်းမှူး တပ်ကြပ်ကြီး ကျော်နိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အင်ဂျင်နီယာ ဦးတင်မောင်အေးတို့ရောက်ရှိလာပြီး ဖြစ်ပွားမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ညီညီ(သမိုင်း)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်မျိုး ၁၀/ရမန(နိုင်) ၀၀၀၉၃၉ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးနိုင်ပါရန်။

ဖုန်း-၀၉-၄၃၀၀၄၈၇၈

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသန်းထွန်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လေကြောင်း)-(ဒေါ်သန်းသန်းဦး)တို့၏သားကြီး

မောင်ဖြိုးသက်ကို

Chief Officer (F.G)

Myanma Five Star Line

နှင့်

ရန်ကုန်မြို့နေ ဦးခင်ဇော်-ဒေါ်နှင်းနှင်းအေးတို့၏သမီးကြီး

မဂျူလီဇော်

ME(Mechatronic)

Brand Manager (Bio-essence)

Paradise Product Co.,Ltd.

တို့၏ ၂၉-၆-၂၀၁၄ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဝဏ္ဏကျော်ထင် ဦးဉာဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေတို့အားလည်းကောင်း၊ ၁၇-၆-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးထိမ်းမြားပေးခဲ့ပါသော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်သွယ်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော စစ်ဘက်၊ နယ်ဘက်ဆိုင်ရာအကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)မှ သူငယ်ချင်းများနှင့်ကျောင်းဆင်းညီအစ်ကိုများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော မစုစုဆံ၊ မင်္ဂလာအောင်စံပယ်ပန်းနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မယုသက်နိုင်၊ မင်္ဂလာသတို့သားအရံများ၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော ကိုထက်အောင်အောင်နှင့် ကိုတိုးနေထွန်း၊ မချယ်ရီဇော်နှင့်မအေးမြတ်သီတာ၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာမင်းသက်စံ(Sweet & Smart)၊ မင်္ဂလာလက်ဝတ်ရတနာအလှဆင်မြန်းပေးပါသော မြိုင်မဟာရွှေဆိုင်(မြင်းခြံ)မိတ်ကပ်အလှပြင်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ပန်းအလှပြင် ပန်းလင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ မင်္ဂလာတေးသံသာတီးခတ်ပေးပါသော စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး (Focus Daily) ရိုက်ကူးရေးအဖွဲ့၊ Signature Wedding Planner အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ဖြိုးသက်ကို-မဂျူလီဇော်

ကြော်ငြာ

KBZ BANK

ကမ္ျောဇဘဏ်လီမိတက်

(၁၆၉)ဘဏ်မြောက် ကုန်သည်လမ်းဘဏ်ခွဲ ကို

၃၀.၆.၂၀၁၄ (တနင်္လာနေ့) တွင် လည်းကောင်း

(၁၇၀)ဘဏ်မြောက် ဘုရင့်နောင်ဘဏ်ခွဲ(၄) ကို

၃.၇.၂၀၁၄ (ကြာသပတေးနေ့) တွင် လည်းကောင်း

ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကုန်သည်လမ်းဘဏ်ခွဲ

အမှတ်(၅၃၇/၅၃၉)မြေညီထပ်၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၁) ၃၈၂၆၂၇၊ ၃၈၂၆၂၈၊ ၃၈၂၆၂၉

ဖက်စ် – (၀၁) ၃၈၄၃၄၁၊ ၃၈၄၃၃၇၊ ၃၈၄၃၅၁

www.kbzbank.com

ဘုရင့်နောင်ဘဏ်ခွဲ(၄)

အမှတ်(၁၆/၁၇)၊ သီရိမွန်လမ်းမ၊ သီရိမွန်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၁) ၅၂၈၉၈၇၊ ၅၂၈၉၈၈

ဖက်စ် – (၀၁) ၅၂၈၉၈၄

www.kbzbank.com

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

ဟားခါးနှင့် ဖလမ်းမြို့နယ်တွင် ထင်းရှူးစိုက်ခင်း ဧက ၁၀၀ တည်ထောင်စိုက်ပျိုးသွားမည်

လယ်ယာ၊ သားငါး သစ်တောကဏ္ဍ ဆပ်ကော်မတီ

ချင်းပြည်နယ်တွင် ဈေးကွက်အရ **တွက်ခြေကိုက်သော ဝဥနှင့် စပျစ်စိုက်ပျိုးမှု တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု (ဥပမာ-ချေးငွေ၊ အထောက်အပံ့) ပေးရန် အစီအစဉ် ရှိ/မရှိ** ဆွေးနွေးချက်နှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရှင်းလင်းထုတ်ပြန်ထားရှိမှုကို ဖော်ပြအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေညွှန်ကြားစာအရ ထုတ်ချေးရန် သတ်မှတ်ခွင့်ပြုထားသော သီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ဆီမုန်ညင်း၊ ချက်ကြံစသည့် သီးနှံများဖြစ်ကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများ၏ ချေးငွေထုတ်ချေးရေးနှင့် ကောက်ခံရေးကိစ္စအဝဝကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ယူကြီးကြပ်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ နောင်တွင် ဒေသအလိုက် တင်ပြဆွေးနွေးချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ တင်ပြဆွေးနွေးမေးမြန်းနိုင်ပါကြောင်း ရှင်းလင်းထားသည်။

ချင်းပြည်နယ်တွင် **အဆောက်အအုံဆောက်လုပ်ရန် ထင်းရှူးပင်များကို ခုတ်ထွင်အသုံးပြုနေသောကြောင့် ထင်းရှူးပင်များကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးရန်ကိစ္စ**နှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ချင်းပြည်နယ်တွင် ထင်းရှူးစိုက်ခင်းတည်ထောင်ပြီးစီးမှုနှင့် တိုးချဲ့စိုက်ပျိုးမည့်အခြေအနေမှာ-

၁၉၈၁-၁၉၈၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ထင်းရှူး စိုက်ခင်း ဧက စုစုပေါင်း ဧက ၉၂၅၀ တည်ထောင်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဟားခါးမြို့နယ်၌ ထင်းရှူးစိုက်ခင်း ဧက ၅၀ နှင့် ဖလမ်းမြို့နယ်တွင် ထင်းရှူးစိုက်ခင်း ဧက ၅၀ စုစုပေါင်း ထင်းရှူးစိုက်ခင်းဧက ၁၀၀ တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ချင်းပြည်နယ်ရှိ **ကျေးရွာအများစုတွင် ရွှေ့ပြောင်းတောင်ယာစနစ်မှ အစားထိုး ကုန်းမြင့်လယ်ယာစနစ်ပြုလုပ်ပေးရန် အစီအစဉ်ရှိ-မရှိ** နှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ ဆောင်ရွက်ထားရှိမှုအခြေအနေမှာ-

ချင်းပြည်နယ်ရှိ ကျေးရွာအများစုတွင် ရွှေ့ပြောင်းတောင်ယာမှ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်၍ အမှတ်(၃) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းရုံးဖွင့်လှစ်၍ ဌာနအစီအစဉ်ဖြင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကုန်အထိ ၂၇၇၈ ဒသမ ၄ ဧက ဖော်ထုတ်ပေးခဲ့ကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရေးရန်ပုံငွေအစီအစဉ်ဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာမြေ ဧက ၁၅၀ ဖော်ထုတ်ပေးခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း ဟားခါးမြို့နယ် ကျန်ဗားကျေးရွာအုပ်စု ဘုံဖုံးကျေးရွာတွင် ဧက ၁၀၀၊ ထန်တလန်မြို့နယ် လေတပ်(ခ)ကျေးရွာတွင် ဧက ၅၀ ဖော်ထုတ်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းထုတ်ပြန်ထားရှိသည်။

ပညာပေးဆွေးနွေး

မဘိမ်း ဇူလိုင် ၂

ရှမ်းပြည်နယ် ကျောက်မဲခရိုင် မဘိမ်းမြို့နယ် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးစပါးသိပ္ပံနည်းကျ စိုက်နည်းစနစ် GAPနှင့် လယ်ယာမြေ ဥပဒေအကြောင်းအရာများ ပညာပေးဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက မဘိမ်းမြို့နယ် လဝါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိန်ဝင်းမြင့်တို့က မိုးစပါးသိပ္ပံနည်းကျ စိုက်နည်းစနစ်နှင့် လယ်ယာမြေ ဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မျိုးမင်း(iprd)

တိုင်းနှင့် ပြည်နယ် အလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲကြီးသို့ ပျဉ်းမနားမြို့နယ်မှ ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည်

နေပြည်တော် ဇူလိုင် ၂

ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပမည့် တိုင်းနှင့်ပြည်နယ် အလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲကြီး၌ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဘတ်စကက်ဘောအသင်းသည် နေပြည်တော်ကိုယ်စားပြုအဖြစ် ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြို့နယ်ဘတ်စကက်ဘော ဆပ်ကော်မတီ အတွင်းရေးမှူး ဦးလှမောင်ထံမှ သိရသည်။ ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များဖြစ်သည့် မင်္ဂလာ၊ ရွှေချို၊ ရွာကောက်နှင့် ရန်အောင်(၂) ရပ်ကွက်အတွင်းမှ မြို့နယ်လက်ရွေးစင် ဘတ်စကက်ဘော အားကစားသမား ၁၆ ဦးအနက်မှ ၁၂ ဦးအား ရွေးချယ်၍ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးတို့နှင့်အတူ တောင်ကြီးမြို့တွင် ကျင်းပမည့် တိုင်းနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ ယခင်က ယခုကဲ့သို့သော တိုင်းနှင့်ပြည်နယ်ပြိုင်ပွဲများအား နေပြည်တော်ကိုယ်စားပြုအနေဖြင့် တစ်ကြိမ်တစ်ခါမျှ သွားရောက်ယှဉ်ပြိုင်ခွင့်မရဘဲ ယခု ၂၀၁၄ခုနှစ်မှ စတင်၍ နေပြည်တော်ကိုယ်စားပြုအဖြစ် ပျဉ်းမနားမြို့မှ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ နိုင်ငံတကာချစ်ကြည်ရေး ကစားခဲ့ဖူးသူ မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘောသမားများနှင့် နိုင်ငံ့လက်ရွေးစင်ပဏာမ ရွေးချယ်ခံရသော ဘတ်စကက်ဘောသမား သုံးဦးစီပါဝင်ယှဉ်ပြိုင်ခွင့်ပြုကြောင်း သိရသည်။

မြို့နယ်ဘတ်စကက်ဘော ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်(စိန်ဒေါင်း)ကလည်း နေပြည်တော်ကိုယ်စားပြု ပျဉ်းမနားမြို့နယ် ဘတ်စကက်ဘောအသင်း တောင်ကြီးမြို့ တိုင်းနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာ၌ အဆင်ပြေချောမွေ့စေရန်နှင့် ထိုပြိုင်ပွဲကြီးတွင် နေပြည်တော်ကိုယ်စားပြု ပျဉ်းမနားမြို့နယ် ဘတ်စကက်ဘောအသင်း အောင်ပွဲဆွတ်ခူးနိုင်ရန် ဆပ်ကော်မတီအနေဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ (၁၃၉)

မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၂/၂၀၁၄)သင်တန်းဖွင့်ပွဲကို ဇွန် ၃၀ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးမန်းမောင်မောင်ညဏ်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဗဟို ဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၀၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ၃၀၊ အကျဉ်းဦးစီးဌာနမှ ၂၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ စီမံချက်ဖြင့် ခုတ်ထွင်ရှင်းလင်း

ရန်ကုန် ဇူလိုင် ၂

လျှပ်စစ်ဓာတ်အားပျက်ဆီးမှု လျော့နည်းစေရန်၊ ဗို့အားပိုမိုတိုးတက်ကောင်းမွန်စေရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်နှင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့တွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌဦးစီး၍ ကြီးကြပ်သူ ၁၀ ဦးနှင့် ခရိုင်များမှ ခရိုင်အုပ်ချုပ်ရေးမှူးများ/ခရိုင်အင်ဂျင်နီယာများ ဦးစီး၍ ဝန်ထမ်းအင်အား ၄၅၆ ဦး စုစုပေါင်း အင်အား ၄၇၄ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

နေပြည်တော် ဇူလိုင် ၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က အမှာစကားပြောကြား၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဥတ္တရသီရိမြို့နယ်မှ ခြောက်ဘာသာ ဂုဏ်ထူးရှင်ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၂ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၃ ဦး၊ စုစုပေါင်း ၁၀၅ ဦးကို နေပြည်တော်ကောင်စီဝင်၊နေပြည်တော်ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်နှင့် နေပြည်တော် ပညာရေးမှူး ဦးစိုးဝင်း၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူ ဆရာမကြီးဒေါ်နှင်းနှင်းမော်၊ ဥတ္တရခရိုင် ပညာရေးမှူး ဦးထွေးမှို၊ ဥတ္တရသီရိမြို့နယ် ပညာရေးမှူးဦးသန်းအေး၊ မြို့နယ်အုပ်ချုပ်ရေး ဦးရဲမြတ်တင့်တို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၅၃၈၉ Yamaha YM Jet F၊ M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ညီညီ ၁/ကမန(နိုင်)၀၃၅၂၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/3339, Toyota Landcruiser, S/W (4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီတာထွန်း ၉/မနမ(နိုင်)၀၀၅၆၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/4836, Toyota Crown GR S 180, S/L (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၉/ပကခ(နိုင်)၀၁၂၉၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၉၈၈၈၀ Sumbo 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးရဲစိန်ဟန် ၉/ပကခ(နိုင်)၀၂၂၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလီကျင်း ၁၃/လရန(နိုင်)၀၆၁၄၁၇၏ ပတ်စ်ပို့သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၆၁၈၆၄၆

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၆၃

ကွယ်လွန်သူ ဦးသန်းဆောင်၏ မြန်မာ့အရှေ့ဆောင်ဘဏ်လီမိတက်၊ ငွေစုဘဏ် မန္တလေးမြို့၌ စုဆောင်းငွေများအပေါ်တွင် အမွေဆက်ခံခွင့် ရလိုကြောင်း လျှောက်ထားမှု။

၁။ ဦးမောင်မောင်တင်
၂။ ဒေါ်သီသီ
၃။ ဒေါ်ရီရီ **လျှောက်ထားသူများ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်၊ အကွက်အမှတ် ၅၂၆၊ အိုးဘိုရပ်နေ ဦးမောင်မောင်တင် ပါ(၃)ဦးက ကွယ်လွန်သူ ဦးသန်းဆောင်၏ ညီနှင့် ညီမအရင်းများဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးသန်းဆောင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသန်းဆောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးမောင်မောင်တင် ပါ-၃၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ သော်ကလမ်း၊ မြေကွက်အမှတ် ဥ-၇၀၈၁၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးစိုးထွန်းနိုင် အမည်ဖြင့်ပိုင်ဆိုင်သော ဂရန်မြေကွက်အား ဦးစိုးထွန်းနိုင် ၉/ပမန(နိုင်)၁၆၄၈၂၉ (ဘ) ဦးစံရင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်မ မဝါဝါလွင်၏ ပတ်စ်ပို့ A-077728 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဝါဝါလွင်
ဖုန်း-၀၉-၄၉၂၀၅၅၂၂

ဖခင်အမည်မှန်

ငါန်းဇွန်မြို့၊ အထက နဝမတန်း(D)မှ မပန်းအိန္ဒယ်၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၅/ငဇန(နိုင်)၀၂၂၃၂၇ ဖြစ်ပါကြောင်း။

ဦးသန်းလွင်

ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဖန်း အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးလှမြင့်ဦး ၉/ဝတန(နိုင်)၀၂၄၀၄၉ ဖြစ်ပါကြောင်း။

ဦးလှမြင့်ဦး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်ကွက်၊ ရှောလီဝိုင်းကျေးရွာနေ ဦးယောဆို ၉/မကန(နိုင်)၀၅၅၉၄၇-ဒေါ်လောရီ ၉/မကန(နိုင်)၀၆၀၇၈၀ တို့၏သား မောင်စိုးသိန်း ၉/မကန(နိုင်)၁၄၁၉၂၄ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးယောဆို-ဒေါ်လောရီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ရန်ပုံငွေ၊ ငွေလွှဲလက်မှတ် လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးခန်းမ၌ကျင်းပရာ ကျွဲတပ်ကျေးရွာ၊ ရိုးကြီးကျေးရွာ၊ ထန်းပေါက်ကုန်းကျေးရွာ၊ ပုတီးကုန်းကျေးရွာနှင့် ပေါက်အိုင်ကျေးရွာမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကိုယ်စားလှယ်များအား လွှဲပြောင်းပေးအပ်စဉ်။ အတ်ကလေး(ရမည်းသင်း)

သပိတ်ကျင်းမြို့နယ် ရင်ခတ်ပင်ကျေးရွာ စက်ရေတွင်း တူးဖော်အောင်မြင်

သပိတ်ကျင်း ဇူလိုင် ၂

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ရေသိုလှောင်ကန်များ တည်ဆောက်ခြင်း၊ စက်ရေတွင်းများ တူးဖော်ခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ရင်ခတ်ပင်ကျေးရွာတွင် တူးဖော် ဆောင်ရွက်လျက်ရှိသည့် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှု အခြေအနေများကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဆန်းမင်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းတို့သည် ရင်ခတ်ပင်ကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်အတူ စက်ရေတွင်း စမ်းသပ်မောင်းနှင်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဦးစီးဌာန၏ အထူးဖြည့်စွက် ခွင့်ပြုရန်ပုံငွေဖြင့် Silver Mark ကုမ္ပဏီက တာဝန်ယူတူးဖော်ဆောင်ရွက်ခဲ့ပြီး စက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိသဖြင့် ရင်ခတ်ပင်ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဇရပ်ကွင်း၊ ဝက်သေ၊ လက်ပံကုန်း၊ ရင်ခတ်ပင် ကျေးရွာများတွင် လေးလက်မစက်ရေတွင်းများ အောင်မြင်စွာတူးဖော်ပေးနိုင်ခဲ့ပြီး အုံးဖုံးကျေးရွာအုပ်စု ဖက်ရှည်ကျေးရွာတွင်လည်း အောင်မြင်စွာတူးဖော်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

မွန်ပြည်နယ်တရားလွှတ်တော်တွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

မော်လမြိုင် ဇူလိုင် ၂

မွန်ပြည်နယ် တရားလွှတ်တော်တွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၂၇ ရက် ညနေ ၃ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးနှင့် ပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ခရိုင်နှင့်မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသူသုံးဦးတို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများက ဆုများချီးမြှင့်ခဲ့ကြသည်။ သင်တန်းကာလမှာ ဇွန် ၁၆ ရက်မှ ၂၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၁၀၇)**

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေးခဲ့၍ ကျေးလက်နေပြည်သူများ ဝမ်းသာပျော်ရွှင်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ယခုနှစ်ပညာသင်နှစ်တွင် အခြေခံပညာကျောင်း နှစ်ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ခံရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရပြီး ဒေသခံများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ကျောင်းအဆင့် တိုးမြှင့်ခြင်းခံရသည့် အခြေခံပညာကျောင်းများမှာ ခနောင်ချောင်းဝကျေးရွာမှ အခြေခံပညာ အလယ်တန်းကျောင်းနှင့် သမ္မတကမ်းခြေရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်းတို့ဖြစ်ကြောင်း သိရသည်။ ခနောင်ချောင်းဝကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဖြစ်လည်းကောင်း၊ သမ္မတကမ်းခြေရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ လည်းကောင်း အဆင့်တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းများ အဆင့်တိုးမြှင့်ခံရမှုနှင့်ပတ်သက်၍ "ကျွန်မတို့ရွာ အလယ်တန်းကျောင်းကို အထက(ခွဲ) တိုးပေးလိုက်တယ်ပြောတယ်။ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူတွေ ကိုယ့်ရွာမှာပဲ စာသင်လို့ရပြီ။ အရင်ကဆို မြစ်ကူး၊ ချောင်းဖျား ရန်ကုန်-ဒလကို သွားတက်ရတယ်။ ကျောင်းအဆင့်တိုးပေးခဲ့လို့ အဆင်ပြေပါပြီ" ဟု ခနောင်ချောင်းဝကျေးရွာမှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ဤကဲ့သို့ နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနက ကျေးလက်တောရွာများရှိ အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးခဲ့၍ ဒေသခံကျောင်းသား ကျောင်းသူများ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ပွင့်လန်းလာခဲ့ရာ ကျေးလက်နေပြည်သူများ ဝမ်းသာပျော်ရွှင်၍ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **(၁၅၅)**

တန့်ယန်းမြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

တန့်ယန်း ဇူလိုင် ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အရန်သားဖွားသင်တန်းကို မေ ၃၀ ရက်မှ စတင်ကာမြို့နယ်ပြည်သူ့ဆေးရုံရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်ထားကြောင်း သိရသည်။

ကြာမြင့်

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသူ ၁၀ ဦး တက်ရောက်လျက်ရှိပြီး စာတွေ့သုံးလနှင့် လက်တွေ့သုံးလ စုစုပေါင်း သင်တန်းကာလ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၃၄၅၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၆ ဘာသာဂုဏ်ထူးရှင် မဆုမြတ်လင်းနိုင်

အတွက် အန်တီပုံ့မှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

အန်တီပုံ့

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်မြို့နေ ဦးကော်တာရီ(ခ)ဦးကော်ဆိုက်ကွေ့နှင့် ဒေါ်ခင်ကြည်(ရွှေရည်ပုလဲဖက်ရှင်ဆိုင်)တို့၏သမီး မနှင်းရည်မွန်ဦး (EC ကိုယ်ပိုင်အထက်တန်းကျောင်း)သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ခုံအမှတ် ဆဗဟ-၇၀၅ နှင့် ငါးဘာသာဂုဏ်ထူးများရရှိကာ ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အဘိုး-အဘွား

(ဦးကော်ကြာယုံ)-ဒေါ်ဆုံတီး၊ ဦးအိုက်စိန်-ဒေါ်မာလု

ဦးလေးနှင့်အဒေါ်များ

ဦးမျိုးမြင့်-ဒေါ်ထားထားရီ၊ ဦးမြင့်မောင်-ဒေါ်အေးကြည်(Four-five စတိုး)
ဦးအိုက်သန့်-ဒေါ်စိန်ကြည် ဝမ်လီစတိုး(Mdy)၊ ဗိုလ်မှူးစိုင်းအိုက်လှ-ဒေါ်ရွှေကြည်(ဝမ်လီစတိုး Ygn)
ဦးအောင်မြင့်-ဒေါ်လီလီ ဒီနိုဗိုစတိုး(Mdy)၊ ဦးရှုအောင်-ဒေါ်ထားထားမြင့် Man only Jean Collection (Mdy)
ဦးနေအောင်-ဒေါ်စန်းမေ၊ ဒေါက်တာနေအောင်လတ်
ဦးမင်းဌေး-ဒေါ်ကော်ပယ်မိတ်(ပေါက်လန်စတိုး) (လောက်ကိုင်)
ဦးကော်ဆန်း-ဒေါ်စန်းစန်းယဉ်(ကိုစိုင်းစတိုး) (လောက်ကိုင်မြို့)၊ ဒေါ်ကော်ရင်မေ
မထွေးထွေးမေ(ခ)ကော်ကျင်းမေ (Double crane, Myanmar Co.,Ltd.)
ဦးဖန်ချီမိုး-ဒေါ်ကော်ယွီးမေ (အာရှခေတ်မီစတိုး၊ လောက်ကိုင်)

ဂေါ်ရခါးစစ်မှုထမ်းဟောင်းများအား ဂုဏ်ပြုပွဲအခမ်းအနား

ဖိတ်ကြားခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်မှကြီးမှူး၍ မြန်မာ့တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဂေါ်ရခါးစစ်မှုထမ်းဟောင်းများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော စစ်မှုထမ်းဟောင်းများနှင့်ကွယ်လွန်လေပြီးဖြစ်သော စစ်မှုထမ်းဟောင်းများ၏ ကျန်ရစ်သူမိသားစုများအား ဖော်ပြပါဖုန်းနံပါတ်သို့ စုံစမ်းဆက်သွယ်နိုင်ကြပါရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် (လိပ်စာ)
မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်ရုံးခန်း
နေပါလီ/ဂေါ်ရခါးဓမ္မသာလာဝင်း၊
၂၇ လမ်း၊ ၈၀×၈၁ကြား၊ မန္တလေး
ဖုန်း-၀၂-၃၄၅၉၁၊ ၀၉-၂၅၆၂၆၃၁၆၆ (ရုံးချုပ်ရုံးခန်း)၊
ဖုန်း-၀၉-၇၃၅၀၅၉၈၇(အတွင်းရေးမှူး)
အခမ်းအနားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဆက်လက်ကြေညာပေးသွားပါမည်။

တစ်ဦးတည်းဖြစ်ကြောင်း

မူဆယ်မြို့၊ မြောက်ရပ်ကွက်နေ ဦးရန်ချုံရှန် ၁၃/ကခန(နိုင်)၀၂၇၃၅၈ ၏သမီး၊ မန္တလေးမြို့ VEC (ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း) တက္ကသိုလ်ဝင်တန်း(သိပ္ပံတွဲ)မှ မစုမြတ်နိုးနှင့် မနိုးနိုးဝင်း ၁၃/မဆတ(နိုင်) ၀၆၄၁၈၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်ရှိ ကောင်းစုစံ ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ စိုင်းအင်မိန်းတိန် (မွေးသက္ကရာဇ် ၂-၁၀-၁၉၉၉) ၁၃/မဆတ(နိုင်)၀၅၉၄၆၅၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလောင်ဝ်လှိုင်း ၁၃/ဆမတ(နိုင်)၀၀၉၅၇၀ ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၈) ကုန်အမှတ်တံဆိပ်ကြော်ငြာတွင် စ(သ်)နရိုင်း ၇/ဖမန(နိုင်)၀၀၂၆၂၄၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၇/ဖမန(ပြု)၀၀၂၆၂၄ ဖြစ်ပါသည်။ **စ(သ်)နရိုင်း ၇/ဖမန(ပြု)၀၀၂၆၂၄**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (၂စ/၂၁၈၈)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ထိုင်းနိုင်ငံ မြန်မာလုပ်သားများအတွက် အလုပ်လုပ်ခွင့်ကတ်များ စတင်ထုတ်ပေး

မဟာချိုင် ဇူလိုင် ၂

ထိုင်းနိုင်ငံ ဆာမူစာခွန်ခရိုင် မဟာချိုင်မြို့တွင် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်အတွက် ထောလော ၃၈ နှင့် ပန်းရောင်ကတ်များကို ဇွန် ၃၀ ရက်က ပထမဦးဆုံးအကြိမ်အဖြစ် စတင်ပြုလုပ်ပေးနေပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ သတင်းရင်းမြစ်များထံမှ သိရသည်။

အထောက်အထားမဲ့ နိုင်ငံခြားသား အလုပ်သမားများအား တရားဝင်အလုပ်သမားများဖြစ်အောင် ထောလော၃၈များ ပြုလုပ်ပေးနေသည့်အပေါ် "အခုလို တရားဝင် အလုပ်လုပ်ခွင့်ရရှိအောင် ပြုလုပ်ပေးတဲ့အတွက် အရမ်းကိုပျော်ပါတယ်၊ အရင်ကဆို လမ်းတောင် မထွက်ရဲပါဘူး၊ ဒီကြားထဲ ရဲကြေးပေးရတာနဲ့ မတော်တဆ ရဲမိတယ်ဆိုပေးရတာနဲ့ ကျွန်တော်တို့ရဲ့ လုပ်သမျှလုပ်ခတွေဟာ သူများကိုလုပ်ကျွေးနေရတာနဲ့တင် အမိနေရပ်ကအိမ်ကိုပြန်ပို့ရတယ်လို့ကိုမရှိဘူးဖြစ်နေတယ်၊ အခုတော့ တရားဝင် အလုပ်သမားဖြစ်လာပြီဆိုတော့ လုပ်အားခလည်းသူများတွေရသလိုရတော့မယ်၊ နောက်ပြီးထိုင်းနိုင်ငံအတွင်းမြန်မာများပြုလုပ်ကြတဲ့ အလှူအတန်းတွေရှိတယ်ဆိုလည်း လွတ်လပ်လပ်သွားလာလို့ရပြီပေါ့"ဟု မော်လမြိုင်မှ လာရောက်အလုပ်လုပ်ချိန် ငါးလခန့် ရှိနေပြီဖြစ်သည့် ကိုဝင်းအေးက ပြောသည်။

ထိုင်းနိုင်ငံအတွင်းရှိ အထောက်အထားမဲ့ နိုင်ငံခြားသားအလုပ်သမားများအတွက် မှတ်ပုံတင်ခြင်းများကို ဒေသစံတော်ချိန် နံနက်၁၀နာရီက စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်ရရှိစေရန်အတွက် ပြုလုပ်ပေးနေသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စများကို ဆောင်ရွက်ပေးနေသူတစ်ဦးဖြစ်သော မဟာချိုင်မြို့ မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းဆရာကိုစောမောင်က "အခုလို ထောလော၃၈တွေပြုလုပ်ပေးတဲ့ ရည်ရွယ်ချက်ကတော့ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာက ထိုင်းနိုင်ငံဟာ အလုပ်သမားအခွင့်အရေး အချိုးဖောက်ဆုံးနိုင်ငံဖြစ်နေတယ် ပြောလို့ဖြစ်သလို လူကုန်ကူးတဲ့အများဆုံးနိုင်ငံစာရင်းမှာ ပါဝင်နေတဲ့အတွက်လို့လည်း သိရပါတယ်၊ ပြီးတော့ ထိုင်းနိုင်ငံအနေနဲ့လည်း သူတို့နိုင်ငံကထွက်တဲ့ ပင်လယ်အစားအစာတွေကို အနောက်နိုင်ငံတွေက သပိတ်မှောက်ထားတဲ့အတွက် သူတို့နိုင်ငံရဲ့စီးပွားရေးထိခိုက်လာခဲ့တာကြောင့် အခုအစိုးရသစ်လက်ထက်မှာ အဲဒီလိုတွေမဖြစ်ရအောင် တရားမဝင်အလုပ်သမားတွေကို တရားဝင်ဖြစ်အောင် လုပ်ပေးနေတာပါ၊ သူတို့ လုပ်ငန်းစဉ်တွေအနေနဲ့က အခုလက်ရှိ ဆာမူစာခွန်ခရိုင်မှာရှိနေကြတဲ့ မြန်မာအပါအဝင် အခြားနိုင်ငံခြားသားအလုပ်သမားတွေကို စာရင်းကောက်ယူတဲ့ အနေနဲ့ နေ့ချင်းပြီးအောင် One Stop Service ဖွင့်လှစ်ပြီးတော့ လုပ်ပေးနေပါတယ်၊ အရင်ကတော့ အခုလို ထောလော၃၈တွေ ပြုလုပ်ပေးဖူးပါတယ်။ ပတ်စ်ပို့လုပ်ငန်းစဉ်ကို ပြောင်းပြီးတဲ့နောက်ပိုင်းမှာတော့ ဒါကပထမဆုံးအကြိမ် ပြန်လုပ်ပေးနေတာပါ" ရှင်းပြသည်။

ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်ကတ်များ ထုတ်ယူရန် လာရောက်ကြသော မြန်မာလုပ်သားများ။

ဓာတ်ပုံ-စိုးဝင်း(SP)

ထို့နောက် ၎င်းကဆက်လက်၍ "အရင်နဲ့ အခုကွာခြားတာကတော့ အရင်တုန်းက တစ်နှစ်တစ်ကြိမ်ပြုလုပ်ပေးပါတယ်၊ သက်တမ်းက တစ်နှစ် ရှိတယ်ပေါ့၊ အခုကတော့ ထောလော၃၈ (ယာယီနေထိုင်ခွင့်)ကတော့ သက်တမ်းနှစ်လရှိပြီးတော့ ပတ်စ်ပို့လုပ်ငန်းစဉ်ကို ပြန်ပြောင်းမယ်။ ဒီဆာမူစာခွန်ခရိုင်မှာရှိတဲ့ နိုင်ငံခြားသားအလုပ်သမားတွေကို စာရင်းကောက်မယ်၊ အဲဒီလို စာရင်းကောက်ပြီးတာနဲ့ သူတို့ကို ပတ်စ်ပို့တွေ ပြန်ပြောင်းလုပ်ပေးမယ်ပေါ့။ ထိုင်းနိုင်ငံအတွင်းမှာ ဒီဆာမူစာခွန်ခရိုင်က နိုင်ငံခြားသားအလုပ်သမားတွေများနေတဲ့အတွက် ဒီခရိုင်မှာ အရင်ဦးဆုံး လုပ်ပေးပြီးတော့မှ လုပ်ငန်းစဉ်မှာ ဘာတွေလိုအပ်ချက်ရှိတယ်၊ ဘာတွေမှားယွင်းမှုတွေရှိနေတယ်ဆိုတာကို စမ်းသပ်နေတဲ့သဘောနဲ့လုပ်ပေးပြီးတော့မှ ကျန်တဲ့ခရိုင်၂၂ ခုကို ဆက်လက်လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ထိုင်းနိုင်ငံအတွင်း ဇွန် ၃၀ ရက်က စတင်ပြုလုပ်ပေးနေသော ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်အတွက် ထောလော ၃၈ နှင့် ပန်းရောင်ကတ်များကို လာရောက်ရယူကြသောမြန်မာအလုပ်သမားများစာရင်းအရ ဇွန် ၃၀ ညနေပိုင်းအထိ တစ်ရက်တည်းတွင် လူဦးရေ ၁၈၀၀ ကျော်ရှိနေကြောင်း၊ အကယ်၍ ယနေ့ညမပြီးဆုံးပါကနောက်တစ်နေ့နံနက်ထိ မိုးလင်းပေါက် ပြုလုပ်ပေးရန် အစီအစဉ်များရှိနေကြောင်း၊ ထောလော ၃၈ နှင့်ပန်းရောင်ကတ်များအတွက်လည်း အကန့်အသတ်မရှိဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ အထောက်အထားမဲ့ နိုင်ငံခြားသား အလုပ်သမားများအား တရားဝင်စိစစ်ခြင်းကို ဇွန် ၃၀ ရက်မှစ၍ ဇူလိုင်လကုန်ပိုင်းအထိ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(SP)**

ရေး-ထားဝယ် ရထားလမ်းပိုင်း လမ်းဘေးတစ်လျှောက်သစ်ပင်များ ရှင်းလင်း

ထားဝယ် ဇူလိုင် ၂

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ရေး-ထားဝယ် ရထားလမ်းပိုင်းရထားလမ်းဘေး ဝဲယာတစ်လျှောက်ရှိ သစ်ပင် ဝါးပင် ချုံနွယ်များကို ရထားစီးခရီးသည်များ ဘေးကင်းလုံခြုံ၍ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက ဇွန် ၂၉ ရက်က ခုတ်ထွင်ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထားမြို့ပြ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ရေး-ထားဝယ် ရထားလမ်းပိုင်း ရထားလမ်းဘေးတစ်လျှောက် ရထားတွဲများနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်၊ ဝါးပင်၊ ချုံတောများကို ဒေသခံလုပ်သားများ၏အားဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရေး-ထားဝယ် ရထားလမ်းပိုင်း ခရီးမိုင် ၁၀၀ အတွင်း ကြားဘူတာရှစ်ဘူတာရှိပြီး ၂၂ မိုင်ခန့်ရှိသည့် ဟိန္ဒ-သက်ကယ်ကွက် ဘူတာကြားနှင့် သက်ကယ်ကွက်-ရေဖြူဘူတာကြား နှစ်ဘူတာကို ဇွန် ၁၈ရက်မှ ၂၉ ရက်အထိ ရှင်းလင်းခဲ့ပြီးကြောင်းနှင့် ကျန်လမ်းပိုင်းများကို ဇူလိုင်လအတွင်းအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ပုသိမ် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျေးလက်နေပြည်သူများ အသိပညာများရရှိရေး၊ စာဖတ်သည့်အလေ့အထများတိုးပွားပြီး ပြည်သူများ အတွေ့အကြုံ ဗဟုသုတများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်၍ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်များရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မာလာဝင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်နုနုရီတို့က ခရိုင်အတွင်းရှိ မြို့နယ်များနှင့် ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာစာကြည့်တိုက်များသို့ စာအုပ် ၆၃၀၄ အုပ်ကို ပေးအပ်လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က)	Motor and Pump(440 V,3.5 KW)	(1) No.
(ခ)	Sofa and Settee	(2) Sets
(ဂ)	ကြက်ဥဖောက်စက်(အလုံး ၇၀၀-၁၀၀၀)	(20) Nos.
(ဃ)	Milk Processing Plant	(10) Nos.
(င)	Mobile Marking Machine for 2 Cows	(5) Nos.
(စ)	ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း	(91) Items.

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၁၉၊ ၀၉-၄၃၀၃၆၆၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဆေးရုံဖြည့်စွက်လုပ်ငန်းများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန် - ၂၈-၇-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့၊ ဖုန်း ၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
ဗဟန်းမြို့နယ်ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗဟန်းအမျိုးသမီးဆေးရုံတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) ခုတင် ၅၀ ဆံ့ ဗဟန်းအမျိုးသမီးဆေးရုံအဆောက်အအုံ၏ အုတ်နံရံ (အတွင်း/အပြင်)နှင့် မျက်နှာကြက်များအား ပလတ်စတစ်ဆေးသုတ်၍ ပြုပြင်ခြင်းလုပ်ငန်း၊
(ခ) ဗဟန်းအမျိုးသမီးဆေးရုံဝင်းအား အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း (ပေရှည်-၆၇၀ ပေ)

၂။ တင်ဒါလျှောက်လွှာပုံစံကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျန်းမာရေးဦးစီးမှူးရုံး အမှတ်(၃၂)၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗဟန်းမြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၄-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီ
တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးမှူးရုံး

တင်ဒါခေါ်ယူရေးအဖွဲ့
ဗဟန်းမြို့နယ်ကျန်းမာရေးဦးစီးဌာန

နောင်ချိုမြို့နယ်၊ ဟိုခိုကျေးရွာအုပ်စု၊ အင်းမကျေးရွာအရှေ့ဘက်၊ ဟိုခိုတောင်ရွာရှိ ဦးညီစိုးပိုင် ကော်ဖီမြေနှင့်ပတ်သက်၍

အများသိစေရန် အသိပေးကြေညာခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဦးညီစိုး ၁၁/စတန(နိုင်)၀၀၅၈၆၉ အိမ်အမှတ်(FF-၁၇၀/၁၇၁)၊ နဝရတ်လမ်းသွယ်(၂)၊ ရ·က·က(၁၀)၊ ပြင်ဦးလွင်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဟိုခိုကျေးရွာအုပ်စု၊ ခန့်မှန်းမြေပုံညွှန်း (၉၃ ဘီ-၁၁)၊ အေ-၀၅၉၁၄၅၊ ဘီ-၀၅၉၁၄၃၊ စီ-၀၇၈၁၄၆၊ ဒီ-၀၆၅၁၅၄ အတွင်းရှိ မြေဧက ၈၀ မှာ ဦးညီစိုးအမည်ဖြင့် တရားဝင်စိုက်ပျိုးလုပ်ကိုင်ခွင့် ချထားပေးသောမြေဖြစ်ပါသည်။ တောင်သူစိုက်ပျိုးမြေများနှင့်ပတ်သက်၍ ငြိစွန်းနေမှုကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အသီးသီးရှေ့တွင် ပြေလည်အောင်ရှင်းလင်း၍ ငြိစွန်းမြေများကို သက်ဆိုင်ရာတောင်သူများသို့ ပြန်လည်ပေးအပ်ပြီးဖြစ်ပါသည်။ ထိုသို့ဖြေရှင်းပြီးနောက်ပိုင်းတွင်လည်း ဒေသခံအချို့မှ ထပ်မံ၍ ကျူးကျော်ဝင်ရောက်မှုများ ပြုလုပ်လာကြပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေယာအတွင်းသို့ ကျူးကျော်ဝင်ရောက်သူများသည် ခုနစ်ရက်အတွင်း ဝင်ရောက်ကျူးကျော်ခဲ့သော မြေအတွင်းမှ ထွက်ခွာပေးရန်နှင့် အဆိုပါမြေနှင့်ပတ်သက်ပြီး တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချရန် ဆောင်ရွက်လာပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၅၆)
အမက(၁၄)ကျောင်းဝင်း၊ ဟော်ကုန်းရပ်၊ ရ·က·က(၃)၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃(ဒီ)၊ မြေကွက်အမှတ် ၂၉၊ မြေကွက်တည်နေရာအမှတ် ၂၄၊ ဗဟန်း (၂)လမ်း၊ ဗဟန်းမြို့နယ်၊ [ဒေါ်လချမီးကန်သာ(ခ)တီကာမာယာ]အမည်ပေါက်မြေအား အမည်ပေါက် ဒေါ်လချမီးကန်သာ(ခ)တီကာမာယာ ၉/မကန(နိုင်)၀၆၈၆၁၇ က ဂရန်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၃/၂၀၁၄ရသူ ဒေါ်ပရာပသီး ၉/မကန(နိုင်)၀၈၀၇၉၃မှ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အမေရိကန်-မြန်မာငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

ထားဝယ် ဇူလိုင် ၂

အမေရိကန်-မြန်မာ ကျန်းမာရေးဆိုင်ရာ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ (USA- ID) မှ အမေရိကန်နိုင်ငံ ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ညှိနှိုင်းရေးမှူး၊ US Global Malaria Coordinator, Rear Admiral Robert Timothy Ziemer နှင့် ဒေသဆိုင်ရာရုံးမှ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီးထားဝယ်မြို့တွင် ငှက်ဖျားတိုက်ဖျက် ရေးဆိုင်ရာများကို ဇွန် ၂၉ ရက်က ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

USAID အဖွဲ့သည် အမျိုးသား ငှက်ဖျားတိုက်ဖျက်ရေး အစီအစဉ်ဖြင့် ငှက်ဖျားထိန်းချုပ်ရေးကို ထောက်ပံ့နေသည့် အမေရိကန်သမ္မတ၏ ငှက်ဖျားတိုက်ဖျက်ရေး ကနဦးအစီအစဉ် လှုပ်ရှားမှုတို့ကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။ USAID အဖွဲ့သည် ထားဝယ်မြို့နယ် ပကာရီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ငှက်ဖျားတိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားသို့ တက်ရောက်ကြပြီး အဖွဲ့ခေါင်းဆောင် Rear Admiral Robert Timothy Ziemer , Mission Director Christopher Miligan နှင့် Malaria Program မှ မန်နေဂျာ ဒေါက်တာသောင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အဖွဲ့ခေါင်းဆောင် Mr.Ziemer က အမေရိကန်နိုင်ငံကိုယ်စား လာရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာအရာရှိများ၊ ဒေသခံပြည်သူများ၊ NGO အဖွဲ့အစည်းများက နွေးထွေးပျူငှာစွာကြိုဆိုသည့်အတွက် လွန်စွာမှ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ကျန်းမာရေးလုပ်သားများ၊ စေတနာ့ဝန်ထမ်းများက ငှက်ဖျားတိုက်ဖျက်ရေးနှင့် ဆေးကုသမှုတွင် ပါဝင်ဆောင်ရွက်နေကြသည်ကိုတွေ့ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဒေသခံပြည်သူများ တွေ့ကြုံခံစားနေရသော ငှက်ဖျားရောဂါအတွက် ရောဂါရှာဖွေကိရိယာနှင့် ဆေးများရှိပြီဖြစ်၍ ဝမ်းသာစရာဖြစ်ကြောင်း၊ ငှက်ဖျားရောဂါကြောင့် လူသေဆုံးမှုမဖြစ်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငှက်ဖျားယဉ်ပါးမှုပြဿနာကို ထိန်းချုပ်ရေးနှင့် ဝေးလံဒေသမှ ငှက်ဖျားဝေဒနာသည်များကို ကူညီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငှက်ဖျားစီမံချက်မန်နေဂျာ ဒေါက်တာသောင်းလှိုင်က NGO, INGO များနှင့်အတူ လက်တွဲဆောင်ရွက်နေသည့် အဖွဲ့များ ပူးပေါင်း၍ရပြီဖြစ်ကြောင်းနှင့် ကျန်းမာရေးဆိုင်များကို အသိပညာပေး ဆွေးနွေးပြောကြားပြီး အဖွဲ့ခေါင်းဆောင် Mr.Ziemer ထံသို့ ဒေါက်တာသောင်းလှိုင်က အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ကာ USAID အဖွဲ့က ဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ အဖွဲ့ခေါင်းဆောင် Mr. Ziemier နှင့်အဖွဲ့သည် ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် ဘဝပင်ကျေးရွာမှ ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းလုပ်သားများအားလည်းကောင်း၊ အောင်မြတ်သိန်းကုမ္ပဏီ လီမိတက် ထန်းတလုံးရော်ဘာခြံမှ လုပ်သားများအား လည်းကောင်း၊ ကျန်းမာရေးအသိပညာပေး ဆွေးနွေးခဲ့ကာ အကျီ၊ ဦးထုပ်နှင့် ဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး CAP Malaria ရှိသည့် နေရာများကို လေ့လာခဲ့ကြကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

မိုးကုတ်မြို့တွင် တိုင်းရင်းသားပေါင်းစုံ ကိုရင်အပါး ၂၇၀ ရှင်ပြု

မိုးကုတ် ဇူလိုင် ၂

မိုးကုတ်မြို့နယ်၊ မိုးမိတ်မြို့နယ်တို့မှ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရှင်အပါး ၂၇၀ နှင့် ရဟန်းရှစ်ပါးတို့အား ရဟန်းခံရှင်ပြု အခမ်းအနားကို ဇွန် ၂၉ ရက်က မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိသာမဏေကျော်စာသင်တိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်သုံးပင်ဆရာတော်ဘုရားကြီးက ဩဝါဒကထာများ မြွက်ကြားပြီး သံဃာတော်များက မြတ်စွာဘုရားရှင်ဟောကြားတော်မူသော မေတ္တသုတ်ပရိတ်တရားတော်အား ရွတ်ဖတ်ပူဇော်ကြကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် သာသနာရေးဝန်ကြီး ဦးသန်းစိုးမြင့်၊ မိုးကုတ်မြို့နယ် အုပ်ချုပ်ရေးမှူးဦးဥက္ကာနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူ့ဒါယကာ ဦးကျော်ကျော်ဇင်မိသားစုတို့က သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

သတင်းတို

ပညာရေးအသင်း GEC အရပ်ရပ်ဆိုင်ရာစည်းဝေး

ရမည်းသင်းမြို့နယ် ပညာရေး GEC အသင်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၃၀ ရက်က ဝါတိုးအရှေ့ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ရာ သဘာပတိမြို့နယ် ပညာရေးမှူး ဒေါ်ဥမ္မာ၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးကြိုင်နှင့် ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းတို့က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို သမဦးစီးဌာန ဦးစီးမှူး ဦးမြတ်ထွန်းက ရှင်းလင်းဖတ်ကြားတင်ပြခဲ့သည်။ အစည်းအဝေးသို့ အသင်းသား အသင်းသူ ၉၀၀ နီးပါး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ရမည်းသင်း)

စစ်ကိုင်းခရိုင်ရှိ ပြန်လည်စွန့်လွှတ်စိုက်ပျိုးမြေများ မူလပိုင်ရှင်တောင်သူများထံ ပေးအပ်

စစ်ကိုင်း ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်း ပြန်လည် စွန့်လွှတ်သည့် စိုက်ပျိုးမြေယာများအား တောင်သူများလက်ဝယ်ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၃၀ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်က တပ်မတော်ကရယူထားသည့် မြေများနှင့်စပ်လျဉ်းပြီး တပ်တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသည့် မြေယာများကို သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန်၊ တပ်ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်းလိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာအကျယ်အဝန်းကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတကလည်း မူဝါဒချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားမှာ စစ်ကိုင်းခရိုင်အတွင်းရှိ လယ် ဧက ၁၀၀ နှင့် ယာ ၅၆၀ ဒသမ ၄၁ ဧက၊ စုစုပေါင်း ၆၆၀ ဒသမ ၄၁ ဧကကို သက်ဆိုင်ရာတောင်သူ ၁၂၄ ဦးထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း ရရှိသောမြေများကိုစိုက်ပျိုးအသုံးပြုရာတွင် မိမိတို့၏အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားကာ စွန့်လွှတ်လယ်ယာမြေများအား ယာယီလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၃)များကို ထုတ်ပေးခဲ့ပြီး ကျေးရွာပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ ဦးသောင်းမြင့်၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့များ၊ မြို့မိမြို့ဖများ ၊ အထောက်အကူပြုကော်မတီများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ခဲ့ကြသည်။

ဇော်မြင့်နိုင်

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ပြိုင်ပွဲကို ဇွန် ၃၀ ရက် ညက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ သမီးပျိုလေး ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုရ မချယ်ရီအောင် (ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဒုတိယဆုရ နန်းဟွမ်ခေးကျောက် (အထက တာချီလိတ်)၊ တတိယဆုရ မနီလာစိုး(ဟောင်လိတ်)တို့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်စဉ်။ မောင်ယဉ်ကျေး

စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန
e-Government လုပ်ငန်းများဆောင်ရွက်ရန်
ပစ္စည်းများဝယ်ယူရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ e-Government လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အောက်ဖော်ပြပါ ကွန်ပျူတာ၊ ဆက်စပ်ပစ္စည်းများနှင့် Web Application Development များအား မြန်မာကျပ်ငွေဖြင့် ဌာနအရောက်ဈေးနှုန်းဖြင့်ဝယ်ယူလိုပါသည်။
(က) Lot(1)
(၁) Projector(2)Unit
(၂) Laptop (5) Unit
(၃) PC Computer (4) Unit
(ခ) Lot(2)
(၁) Development of DEMS Application (eIDMS)
(၂) Server
(ဂ) Lot(3)
(၁) Web Portal Development Application
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၇-၂၀၁၄ ရက် ၁၄း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန
e-Government လုပ်ငန်းများ
အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့
ရုံးအမှတ် ၃၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၄၄၈

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ပိန်းနဲကုန်း)၊ဆဋ္ဌမတန်း(C)မှ မောင်ဝင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးအေးမင်း ၁၀/ကမရ (နိုင်)၀၆၃၉၇၃ ဖြစ်ပါကြောင်း။ **ဦးအေးမင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်) နှင့် တိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ခ) စက်ပစ္စည်းများ
(ဂ) ရုံးသုံးပစ္စည်းကိရိယာများ
(ဃ) ရုံးသုံးပရိဘောဂများ
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၇-၂၀၁၄ရက် (တနင်္လာနေ့)
နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၅-၇-၂၀၁၄ရက် ညနေ ၄း၃၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၃၀-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
နေရာ - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (နေပြည်တော်)
၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊
ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၄၀၃၄၈၇၊၄၀၃၀၇၀၊၄၀၃၄၉၀

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း
ကျွန်ုပ် ဦးဝင်းလွင်အောင်၏ဇနီး ဒေါ်သင်းသင်းမော်(ခ)ခိုင်ဇာသွယ် ၁၂/အလန(နိုင်)၀၄၈၂၇၁သည် ခင်ပွန်းခွင့်မလွှတ်နိုင်သော ကိစ္စများပြုလုပ်သွားပါ၍ ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအားလုံး ကျွန်ုပ်နှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
ဦးဝင်းလွင်အောင် ၁၂/ရပသ(နိုင်)၀၃၄၉၆၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန် ကျေးရွာ(၁၈၇)ရွာတွင် ၃၃/၀.၄ ကေဗွီနှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေ(kyat)ဖြင့် ဝယ်ယူလိုပါသည်။
တင်ဒါစတင်ရောင်းချမည့်ရက် - ၃-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၂၈၄၊ ၀၆၇-၄၁၃၂၈၅၊ ဖက်စ်-၀၆၇-၄၁၃၁၈၅

အဆင့်မြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၇)ဖွင့်လှစ်ခြင်း
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့မှ ပူးပေါင်းဖွင့်လှစ်သင်ကြားမည့် အဆင့်မြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၇)ကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၂ ရက်(စနေနေ့)တွင် ဆည်မြောင်းရုံးချုပ်(ရန်ကင်း)တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံးခန်း၊ အခန်း ၃၀၃၊ သုံးလွှာ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၅၁၃၁၀၊ ၀၉-၄၃၁၁၈၂၁၇၊ ၀၉-၇၃၀၈၉၉၆၈၊ ၀၉-၄၂၃၇၂၁၂၁၆၊ ၀၉-၅၀၂၅၉၇၂၊ ၀၁-၅၆၄၅၁၇ တို့သို့ ဆက်သွယ်စုံစမ်း၍ လာရောက် အပ်နှံနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သာစည်မြို့နယ်တွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်

သာစည် ဇူလိုင် ၂

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာတွင် အခြေခံပညာမူလတန်းလွန် ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် ဇွန် ၂၉ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက အမှာစကားပြောကြားရာ၌ ၂၀၁၄-၂၀၁၅ပညာသင်နှစ် သာစည်မြို့နယ်မှ ကျောင်းပေါင်း ၃၀ ကို အဆင့်တိုးမြှင့်ခွင့်ရခဲ့ကြောင်း၊ ယခုနှစ်တွင် အခြေခံပညာ အလယ်တန်းအထိ အခမဲ့ပညာသင်ကြားခွင့်ရရှိပြီဖြစ်သည့်အတွက် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းသို့ ရောက်ရှိရေးကို မိဘပြည်သူများက အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ပညာခေတ်ဖြစ်သည့်အတွက် ပညာရေးကို မဖြစ်မနေ ကြိုးစားသင်ယူမှ ပညာတတ်များပေါ်များလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်း စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွမ်းခြံရိုးကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲတွင် မူလတန်းအဆင့် ၉၂ ဦး၊ အလယ်တန်းအဆင့် ၁၀၂ ဦး ပညာသင်ကြားလျက်ရှိကြောင်းသိရသည်။ အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခြင်းကြောင့် ကွမ်းခြံရိုးကျေးရွာ၊ ညောင်တိုကျေးရွာ၊ ကန်စွယ်ကျေးရွာနှင့် ကတ်ကျေးအင်းကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများ အဋ္ဌမတန်းအထိ နီးနီးနားနားပညာသင်ကြားခွင့်ရရှိလာသဖြင့် ယင်းဒေသရှိ ကျောင်းသား ကျောင်းသူများ ပညာရေးအခြေခံပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ကျောင်းအဆင့်မြှင့်တင်ခြင်း အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့်ဦးစံထွန်း၊ မြို့နယ် ပညာရေးမှူး ဒေါ်ခင်အေးမြင့်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

တရုတ်အမျိုးသားနှင့်လက်ထပ်ရန် စည်းရုံးခေါ်ဆောင်လာစဉ်ဖမ်းမိ

မူဆယ် ဇူလိုင် ၂

တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် အမျိုးသမီးငယ်နှစ်ဦးအား စည်းရုံးခေါ်ဆောင်လာသူကို မူဆယ်မြို့ အဝေးပြေးကားဂိတ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် မူဆယ်မြို့မရဲစခန်းက လူကုန်ကူးမှုဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မူဆယ်မြို့ အမှတ် (၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရှိ အဝေးပြေးကားဂိတ်များတွင် ဇွန် ၂၇ ရက်က သတင်းစုံစမ်းနေစဉ် GI အဝေးပြေးယာဉ်ဖြင့်လိုက်ပါလာသူ ဒေါ်အေးမြင့်(၄၃နှစ်)နှင့် အမျိုးသမီးငယ် ၂ ဦးကို မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် မေးမြန်းရာမှ တရုတ်အမျိုးသားများနှင့် လက်ထပ်ပေးရန် စည်းရုံးခေါ်ဆောင်လာကြောင်း စိစစ်တွေ့ရှိသဖြင့် မူဆယ်မြို့မရဲစခန်းမှ လူကုန်ကူးမှုဖြင့် အမှုဖွင့်အရေးယူခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ မူဆယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် GI အဝေးပြေးယာဉ်ပေါ်ပါလာသူ ဒေါ်အေးမြင့်ပါ အမျိုးသမီးသုံးဦးအား မသင်္ကာသဖြင့် မေးမြန်းစိစစ်ခဲ့ရာ မ---(၂၀နှစ်)၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် မ---(၁၉နှစ်) လိပ်စာတူနေသူ တူဝရီး နှစ်ဦးတို့အား အိမ်နီးချင်းဖြစ်သူ ဒေါ်အေးမြင့်က လွန်ခဲ့သော သုံးလခန့်က တရုတ်နိုင်ငံတွင် တရုတ်အမျိုးသားအားယူလျှင် အဆင်ပြေကြောင်း၊ တရုတ်အမျိုးသားက ငွေကျပ်သိန်း ၃၀ မှ ၅၀ ခန့် တင်တောင်းကြောင်း၊ တရုတ်အမျိုးသားနှင့် တစ်နှစ်ပေါင်းသင်းပေး၍ ကလေးတစ်ဦးမွေးဖွားပေးရမည်ဖြစ်ကာ ကလေးမွေးပြီးပါက ကလေးကိုထားခဲ့၍ မြန်မာပြည်သို့ ပြန်လာရမည်ဟု စည်းရုံးခဲ့ကြောင်း၊ ဇွန်လ ၂၄ရက်တွင် ရပ်ကွက်တွင်းရှိလက်ဖက်ရည်ဆိုင်၌ မ---(၂၀နှစ်) ရှိနေစဉ် ဒေါ်အေးမြင့်နှင့်အတူ မာမီဟုခေါ်သည့် အမည်မသိအမျိုးသမီးကြီးတစ်ဦး ထပ်ရောက်လာပြီး ဒေါ်အေးမြင့် ပြောဆိုသည့်အတိုင်း ထပ်မံပြောဆိုခဲ့ကြောင်း၊ ထို့နောက် ဒေါ်အေးမြင့်က ဇွန် ၂၅ ရက်တွင် အလှပြင်ဆိုင်သို့ ခေါ်သွားကာ ဆံပင်ဖြောင့်ပေးခဲ့ကြောင်း၊ အိမ်သို့ရောက်သောအခါ တူမဖြစ်သူ မ---(၁၉နှစ်)ကလည်း လိုက်လိုကြောင်း ပြောသဖြင့် ဒေါ်အေးမြင့်က အလှပြင်ဆိုင်သို့ခေါ်သွားပြီး ဆံပင်ဖြောင့်ပေးခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့နှစ်ဦးအား နားကပ်တစ်ရန်စီပေးပြီး မာမီဆိုသူ အမျိုးသမီးက မြောက်ဒဂုံရှိအိမ်တစ်အိမ်သို့ခေါ်ဆောင်သွားကြောင်း၊ အဝတ်အစားအသစ်တစ်စုံစီနှင့် ရွှေဆွဲကြိုးတစ်ကုံးစီကို ထုတ်ပေးပြီး အောင်မင်္ဂလာအဝေးပြေးဂိတ်မှတစ်ဆင့် GI ကားဖြင့် မူဆယ်သို့ခေါ်ဆောင်ခဲ့ကြောင်း၊ မာမီဆိုသူ အမျိုးသမီးက စစ်ဆေးရေးများနှင့်တွေ့ပါက ခင်ပွန်းများထံ အလည်သွားမည်ဟုဖြေရန် သင်ပေးခဲ့ကြောင်း၊ ဒေါ်အေးမြင့်ကလည်း ချွေးမနှင့်တူမအဖြစ် ပြန်ဖြေမည်ဟု ပြောခဲ့ကြောင်း၊ မူဆယ်ရောက်ပါက မာမီဆိုသူ၏ သမီးက မူဆယ်နာရီစင်တွင် လာကြိုမည်ဟုပြောပြီး ခရီးစရိတ်အားလုံးကို ဒေါ်အေးမြင့်က အကုန်အကျခံခဲ့ကြောင်း စိစစ်တွေ့ရှိသဖြင့် တူဝရီးဖြစ်သူ မိန်းမငယ် နှစ်ဦးအား တရုတ်အမျိုးသားများထံ ရောင်းစားရန် ရွှေနားကပ်၊ ရွှေဆွဲကြိုးများ ဆင်မြန်းမက်လုံးပေးစည်းရုံး ခေါ်ဆောင်လာသူ ဒေါ်အေးမြင့်နှင့် မာမီတို့နှစ်ဦးအား အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု၊ မူဆယ်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် မူဆယ်မြို့မရဲစခန်းက (ပ)၁၄၄/ ၂၀၁၄ ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုဖွင့် အရေးယူခဲ့ကြောင်း သိရှိ ရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်အခမ်းအနားနှင့် သစ်ပင်စိုက်ပျိုးပွဲတော်ပြုလုပ်

ယင်းမာပင် ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲကို ဇွန် ၃၀ရက်က ယင်းမာပင်မြို့ မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းဘေးရှိ လွှတ်လပ်ရေးကျောက်တိုင် ရှေ့မျက်နှာစာ၌ ကျင်းပခဲ့သည်။

ယင်းမာပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေ၊ ခရိုင်တရားသူကြီး ဒေါ်နွယ်နွယ်ရီနှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စန်းစန်းမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေနှင့် အဖွဲ့ဝင်များက ၂၀၁၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသော ဆိုင်းဘုတ်ကို စိုက်ထူပေးကြသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းဦး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ပူးပေါင်းကာ မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ယင်းမာပင်မြို့ အခြေခံပညာအထက်တန်း ကျောင်း၌ ရေတမာ၊ စိန်ပန်း၊ မဲဇလီ၊ အော်ရီးရှား၊ ယူကလစ် စသည့်ပျိုးပင်ပေါင်း ၅၀၀ ကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက စိုက်ပျိုးခဲ့ကြသည်။

ထွန်းကိုကို(ယင်းမာပင်)

သိမ်းဆည်းခံစိုက်ပျိုးမြေများကို မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးအပ်

ကလေး ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ တမူး၊ မော်လိုက်ခရိုင်များအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနများနှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် သိမ်းဆည်းထားသော စိုက်ပျိုးမြေယာမြေများကို မူလပိုင်ရှင်များထံ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၆ ရက်က ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

တပ်မတော်က ရယူထားသည့် မြေနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးစောမြင့်ဦးက "တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအနေနဲ့ ပြန်လည်စွန့်လွှတ်ပြီး မြေယာတွေကို မူလပိုင်ရှင်ထံ မြေယာဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျ ပြန်လည်လွှဲပြောင်းလျက်ရှိပါတယ်"ဟု ပြောကြားသည်။

အခမ်းအနားတွင် ကလေးခရိုင်၊ မော်လိုက်ခရိုင်နှင့် တမူးခရိုင် အတွင်းရှိ တပ်မတော်မှ ဒုတိယအကြိမ် ပြန်လည်စွန့်လွှတ်သော စိုက်ပျိုးမြေဧက ၁၅၀၀ ကျော်ကို တောင်သူ ၃၂၇ ဦးသို့လည်းကောင်း၊ တမူးခရိုင် အတွင်းရှိ အကျဉ်းဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်စိုက်ပျိုးမြေ ဧက ၃၀ ခန့်ကို တောင်သူ ခြောက်ဦးသို့လည်းကောင်း ယာယီ လုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က "အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကို ပြန်လည်စွန့်လွှတ်ပေးနေပါတယ်၊ စွန့်လွှတ်တယ်ဆိုတဲ့ နေရာမှာလည်း တကယ်လယ်လုပ်နေတဲ့မြေတွေလည်းပါတယ်၊ တောရိုင်းမြေတွေလည်းပါတယ်၊ စွန့်လွှတ်ပြီးမြေဧက ၉၅၀၀ ကျော်မှာ လယ်နဲ့ယာက ဧက ၁၄၀၀လောက်ပဲ ပါပါတယ်၊ ကျန်တာက တောရိုင်းမြေတွေ ဖြစ်ပါတယ်၊ သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကို မစွန့်လွှတ်တော့ဘူးဆိုရင်လည်း နစ်နာကြေးပေးဖို့ကို လွှတ်တော်မှာ တင်ပြသွားဖို့ရှိပါတယ်၊ ဘာကြောင့် မစွန့်လွှတ်တော့ဘူးဆိုတာကို တောင်သူတွေကို ပွင့်ပွင့်လင်းလင်း ပြောပြဖို့လိုပါတယ်"ဟု ပြောကြားသည်။

သျှင်နေမင်း

ဟင်္သာတအသင်း
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြမည်

ဟင်္သာတအသင်း၏ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၆-၇-၂၀၁၄ ရက်(တနင်္ဂနွေနေ့)နံနက် ၈း၃၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၁၈၄-၁၈၆၊ ၄၅ လမ်းအထက်၊ ဟင်္သာတအသင်းတိုက်၌စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် ဟင်္သာတနွယ်ဖွားများ ကြွရောက်ကုသိုလ်ပါဝင် လှူဒါန်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဟင်္သာတ ဦးမြင့်ငွေ ဖုန်း-၀၁-၅၂၂၄၂၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ညွန့်ညွန့် ဖုန်း-၀၁-၂၄၅၃၉၅နှင့် ဟင်္သာတအသင်းတိုက် ဖုန်း-၀၁-၃၉၈၇၁၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

အလှူပွဲနေ့တွင် ဦးစိုးမြင့်-ဒေါ်ခင်ဝင်းမြင့်(သီဟအလူမီနီယံ) မိသားစုက ကြက်သားဟင်းနှင့် ပလာတာများ ကျွေးမွေးဧည့်ခံပါမည်။

အမှုဆောင်အဖွဲ့၊ ဟင်္သာတအသင်း

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်) (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူခြင်းကို ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)ရွှေတိဂုံဘုရားတောင်ဘက်ကျောက်စိမ်းတွင်းဓမ္မာရုံ၌ နံနက် ၉ နာရီတွင်ကျင်းပမည်ဖြစ်ပါ၍ မိုးကောင်းမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ ပညာရည်ချွန်ဆုပေးမည်ဖြစ်၍ ဂုဏ်ထူးဖြင့်အောင်မြင်သူများ စာရင်းပေးကြပါရန်။ (သီးခြားဖိတ်စာမပို့ပါ)။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ

ဦးမောင်ကြီး ဖုန်း-၂၄၂၂၀၁၊ ဦးယုတင် ဖုန်း-၅၂၃၅၂၀၊ ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈၊ ဦးတင်မောင်အုန်း ဖုန်း-၅၃၉၂၈၇၊ ဦးသန်းညွန့် ဖုန်း-၀၉-၅၀၄၀၀၂၀၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၅၁၉၅၂၉၊ ဒေါက်တာမြင့်ဦး ဖုန်း-၀၉-၇၃၂၀၅၁၁၉၊ ဦးထင်ဆိုက် ဖုန်း-၂၂၄၅၉၁

ရွှေမြင့်မိုရ်ဆရာတော် ညအိပ်(၁၀)ရက်တရားစခန်းပွဲ

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ် ဝိပဿနာ ညအိပ် (၁၀)ရက်တရားစခန်းပွဲကို အရှင်သောဘန (ရွှေမြင့်မိုရ်ကျောင်း) (ဒီဃနိကာယ ဓမ္မာစရိယ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ) (ပိဋကတစ်ပုံဆောင်) ဓမ္မကထိက ဗဟုဇနဟိတဓရ မိုးကုတ်ဝိပဿနာ နာယကဆရာတော်နှင့် ဗုဒ္ဓဝါဒီဆရာတော် အရှင်ကေဝလတို့မှ အောက်ပါအစီအစဉ်အတိုင်း ဟောကြားပို့ချမည်ဖြစ်ပါ၍ ကြွရောက်နာကြားရှုမှတ်ပွားများ အားထုတ်တော်မူနိုင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မှ ၂၆-၇-၂၀၁၄ရက် (စနေနေ့)အထိ ၁၀ရက်တိုင်တိုင် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်မှ ဝါဆိုလကွယ်နေ့အထိ)

နေရာ - မဟာညောင်ကုန်းကျောင်းတိုက်သာသနဝေပုလ္လတိုက်အုပ်ကျောင်း၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အမှတ်(၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်၊

ဖုန်း-၀၉-၇၃၂၅၀၅၅၅၊ ၀၉-၃၁၃၇၇၄၄၁

ရောင်းမည်

မေမြို့ မြို့တွင်း နေရာကောင်း ကျောက်တောင်ရပ်

၇၀×၇၀ သိန်း-၁၅၀၀

ဖုန်း-၀၉-၅၀၀၁၉၂၀၊ ၀၉-၄၂၁၀၈၁၀၀၀

တစ်ဦးတည်းဖြစ်

မဇင်မာဝင်း ၅/မမတ(နိုင်)၀၆၉၈၀၁၏ ဖခင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ ကံသုံးဆင့်ရွာမှ ဦးကြည်သိန်းနှင့် ဦးဘဘူ ၅/မမတ(နိုင်) ၀၇၀၀၁၀တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မိုး
သတိပြု

အမည်ပြောင်း

သန်လျင်မြို့ အမကမှုလွန်(ဗဟို)၊ ပထမတန်း(B)မှ ဦးအောင်ကောင်းကျော်၏ သား မောင်ကောင်းတည်ကြည်ရှိန်းအား ယနေ့မှစ၍ မောင်သော်ဇေယံထွဋ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သော်ဇေယံထွဋ်

စက်ချုပ်မော်တာကျွမ်းကျင် အမျိုးသမီးဝန်ထမ်း အလိုရှိသည်

လိပ်စာ-တိုက် ၄၈(ကိုးလွှာ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၀၀၁၊ ၅၄၅၈၉၈

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၃-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာအချပ်ပိုကဏ္ဍ(၈) နှင့်၂၄-၃-၂၀၁၄ရက်မြို့တော်သတင်းစာ၏ စာမျက်နှာ(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ်(၁၀) ဒေါ်သင်းသင်းလှိုင်+၁၏အမည်ပြောင်းတွင် မြေကွက်အမှတ် ၅၄B/၂B၁A အစား ၅၄ဘီ/၂ဒီ-၁အေနှင့် မြေအမည်ပေါက် ဒေါ်သင်းသင်းကြိုင်+၁ အစား ဒေါ်သင်းသင်းကြိုင်ဟု ဖတ်ရှုပါရန်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၇၈၁၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တောင်ငူတွင် ရေနုတ်မြောင်းပိတ်ဆို့ထားသည့် အိမ်များကို မြို့နယ်စည်ပင်က ပညာပေးစည်းရုံးမည်

တောင်ငူ ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားသည့် ရေနုတ်မြောင်းများကို ပိတ်ဆို့၍ ဈေးဆိုင်ဆောက်ခြင်း၊ မြောင်းဖုံးများကို အသေပိတ်ထားခြင်းများ ပြုလုပ်ထားသည့် နေအိမ်များ၊ ဈေးဆိုင်များကို အသိပေးစည်းရုံးသွားမည်ဖြစ်ကြောင်း တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

တောင်ငူမြို့ပေါ်တွင် ရပ်ကွက်ပေါင်း ၂၃ ရပ်ကွက်ရှိရာ မိုးရာသီကာလတွင် မြို့တွင်းလမ်းများဖြစ်သည့် ကုန်သည်ကြီးလမ်း၊ ဈေးလမ်း၊ ကန်လမ်း၊ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးများနှင့် အနိမ့်ပိုင်းရပ်ကွက်နေရာများတွင် ရေမြောင်းများပိတ်ဆို့ခြင်း၊ မြောင်းဖုံးများပိတ်ဆို့ထားခြင်း၊ အမှိုက်များကို မြောင်းများအတွင်းသို့ စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် နှစ်စဉ် လမ်းများပေါ် ရေတင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ရပ်ကွက်အလိုက် ပုံမှန်ရေမြောင်းများနှင့် ပင်မရေမြောင်းကြီးများကို ပြန်လည်တူးဖော်၍ ပင်မရေမြောင်းကြီး သုံးခုဖြစ်သည့် ကြက်မွေးမြောင်း၊ မြစ်ကြီးပေါက်မြောင်း၊ ငနောက်မြောင်းတို့မှတစ်ဆင့် ကျုံးများအတွင်းသို့ စီးဆင်းစေပြီး ကျုံးအတွင်းမှတစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ စီးဆင်းစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဌာနမှူး ဦးအောင်ကိုဦးက ပြောကြားသည်။

တောင်ငူမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်မှုကို ပျက်စီးစေနိုင်သည့် ရေနုတ်မြောင်းများကို ပိတ်ဆို့၍ နေအိမ်နှင့် ဈေးဆိုင်ခန်းများဆောက်ခြင်း၊ ရေမြောင်းဖုံးများကို အသေပိတ်ထားခြင်းစသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ပါက ယခုနှစ်တွင် ပညာပေးစည်းရုံးတားမြစ်သွားမည်ဖြစ်ကာ လိုက်နာခြင်းမရှိပါက တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆိုင်းဘုတ်တင်ပွဲကျင်းပ

လွိုင်ကော် ဇူလိုင် ၂

ကယားပြည်နယ် လွိုင်ကော်မြို့၌ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆိုင်းဘုတ်တင်ပွဲကို လွိုင်ကော်မြို့ မြို့တော်ခန်းမရှေ့၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်ရွှေ၊ လူမှုရေးဝန်ကြီး၏ဇနီး ဒေါ်စေးမြာနှင့် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၏ဇနီး ဒေါ်ကြည်ကြည်ဝေတို့က ဖဲကြိုးဖြတ်၍ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော ကျောင်းသူလေးများက ဆိုင်းဘုတ်ကို ကြိုးဆွဲ၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆိုင်းဘုတ်တင်ပွဲသို့ ကယားပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မြင့်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းရင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူ ဘင်ခရာတီးဝိုင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကိုယ်ထူကိုယ်ထ ကျေးလက်ဖွံ့ဖြိုးရေးလမ်း ရေတာရှည်မြို့တွင် ဖောက်လုပ်

ရေတာရှည် ဇူလိုင် ၂

ရေတာရှည်မြို့နယ် ဆွာမင်းလမ်းအုပ်စုရှိ အေးသာယာ၊ ကညင်အိုင်ရွာများနှင့် ဆွာမြို့ကိုဆက်သွယ်ထားသည့်လမ်းပိုင်းကို ကိုယ်ထူကိုယ်ထ ရန်ပုံငွေဖြင့် ပြုပြင်ဖောက်လုပ်ပြီးသွားပြီဖြစ်ကြောင်း သိရသည်။

ရေနီ-ကညင်အိုင်လမ်းပိုင်းတွင် အရှည်ပေ ၅၀၀၀ ကျော်ကို မြေသားလမ်းအဖြစ် အုတ်ခုံစီကာ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားပြည်သူများ၏လှူဒါန်းငွေနှင့် ကျေးရွာဒေသခံများ၏ လှူဒါန်းငွေကျပ် သိန်း ၈၀ ကျော်ဖြင့် ဖောက်လုပ်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အရင်နှစ်တွေကဆိုရင် အခုလိုမိုးရာသီရောက်တိုင်း ဆိုင်ကယ်တောင် စီးလို့မရဘူး၊ ခုတော့လမ်းတွေကောင်းတော့ ခရီးသွားရတာ အဆင်ပြေသွားတာပေါ့”ဟု ကညင်အိုင်ကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။ လမ်းမရှိမီက ကျေးလက်ဒေသများသည် ဆွာမြို့နှင့်နီးသော်လည်း သွားလာရေး ခက်ခဲမှုများရှိခဲ့ကာ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း သိရသည်။

ဖောက်လုပ်ပြီးသော ကျေးလက်လမ်းသည် ဆက်လက်ပြုပြင်ရန် လိုအပ်နေသေးပြီး ငွေကြေးအခက်အခဲကြောင့် နောက်နှစ်များတွင် ဆက်လက်ပြုပြင်ရန် စီစဉ်နေကြောင်း သိရသည်။ မြို့ပြဒေသနှင့်နီးသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ရာသီမရွေး နေ့ညမရွေး သွားလာနိုင်သည့် လမ်းဖြစ်ရန် ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပုလဲသွယ်မျိုးစပါး သိပ္ပံနည်းကျပျိုးထောင်မှု သရုပ်ပြ

မိုင်းပန် ဇူလိုင် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ပုလဲသွယ်(စပ်မျိုး)မျိုးစပါးကို အသုံးပြု၍ သိပ္ပံနည်းကျလက်တွေ့ပျိုးထောင်ခြင်းကို ဇွန် ၂၉ ရက်က မိုင်းပန်မြို့နယ် အရှေ့ကျေးရွာအုပ်စုရှိ တောင်သူဦးစိုင်းသောင်းကြည်၏ လယ်မြေ၌ ပြုလုပ်ခဲ့သည်။

မိုင်းပန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးကျော်မိုးက ယခုနှစ်မိုးစပါးစိုက်ပျိုးရာတွင် မျိုးစပါးမျိုးကောင်းမျိုးသန့်ကိုရွေးချယ်ကာ စိုက်နည်းစနစ်မှန်ကန်စွာဖြင့်စိုက်ပျိုးလျှင်စပါးအထွက်နှုန်း ပန်းတိုင်ကောင်းနိုင်မည် ဖြစ်ကြောင်း၊ ပုလဲသွယ် (စပ်မျိုး)စပါးသည် ယခုကဲ့သို့သိပ္ပံနည်းကျပေါင်ချစနစ်ဖြင့် ပျိုးထောင်ပေးလျှင် မျိုးစေ့အလေအလွင့်နည်းပါးစေပြီး ပျိုးပင်ကြီးထွားမှုအားကောင်းခြင်း၊ (ပန်းတိုင်)အထွက်နှုန်းကောင်းခြင်း အကျိုးများကိုရရှိစေမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါးကို စနစ်တကျနည်းလမ်းမှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်၍ တောင်သူများကလည်း သိရှိလိုသည်များကို မေးမြန်းနိုင်ကြောင်းနှင့် အထွက် နှုန်းတိုးတက်ရေးအတွက် ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးကြစေလိုကြောင်း တက်ရောက်လာသောတောင်သူများအား ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် မိုင်းပန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများနှင့်အတူ မျိုးစပါးသိပ္ပံနည်းကျ ပေါင်စနစ်ဖြင့်လက်တွေ့စိုက်ပျိုးမှုကို သရုပ်ပြပျိုးထောင်စိုက်ပျိုးခဲ့ကြရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

စိုင်းဇော်လတ်(iprd)

သတင်းတိုများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းတာဝန်ပေးအပ်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါနယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းတာဝန်များပေးအပ်ပွဲကို ဇွန် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ဂန့်ဂေါခရိုင် စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ကျေးလက်နှင့်မြို့ပြ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ နည်းလမ်းများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းတာဝန်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင် မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု မဲဇလီမြိုင်ကျေးရွာ သစ်တောစိုက်ခင်း၌ ဇွန်လ ၃၀ ရက်ကကျင်းပခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်း၊ ခရိုင်သစ်တောဦးစီးမှူး ဦးလှမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးလှမြင့်နှင့် ပြည်သူများက ပျိုးပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလို ဝယ်လိုပါသလား?
SEVEN စံနဲ့
ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
ပွဲခလုံးဝ မယူပါ
ဖုန်း-၀၁-၂၀၅၇၄၈၊
၀၉-၃၃၃၃၃၅၁၄၊
၀၉-၃၁၉၅၈၉၅၈

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား အဆောက်အအုံနေထိုင်ခွင့် စာချုပ်ထုတ်ယူရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အဆောက်အအုံနေထိုင်ခွင့် စာချုပ်လျှောက်ထားခြင်း	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးလှိုင်ဝင်း TME-၀၂၀၇၂၀ ၁၂/တမန(နိုင်)၀၀၄၆၀၇	အဆောက်အအုံနေထိုင်ခွင့် စာချုပ်ထုတ်ယူရန်	တိုက် ၁၀၊ အခန်း ၁၂၊ မြကန်သာအိမ်ရာ၊ ကမာရွတ်မြို့နယ်။

ဌာနမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကြေး/မြေ ၁၅၀ မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ကြေး/မြေ ၁၅၀ အသုတ် အရာရှိဟောင်းများ၏ ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံပွဲကို ၂-၈-၂၀၁၄ ရက် (စနေနေ့) နံနက် ၉း၃၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တော်လှန်ရေးပန်းခြံအရှေ့ဘက် M-3 Restaurant တွင် ကျင်းပပြုလုပ်ပါမည်။ ၁၅၀ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားပါသည်။ တက်ရောက်မည့်ပုဂ္ဂိုလ်များ ကြိုတင်ဆက်သွယ်သတင်းပို့ရန် နှိုးဆော်ပါသည်။ အလှူငွေထည့်ဝင်ရန်နှင့် သတင်းစုံစမ်းရန် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါသည်။ နယ်မှ အလှူငွေထည့်ဝင်လိုသူများ သိမ်ဖြူလမ်း၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ၊ ငွေစုစာအုပ် Account No 002 0132 002016220 01 9 သို့ တိုက်ရိုက်ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ဦးကျင်ထွန်း ဖုန်း-၀၉-၅၀၂၂၇၈၉၊ ဦးခင်မောင်ဗိုလ် ဖုန်း-၀၉-၄၉၀၃၀၂၀၈၊ ဦးစောလှိုင် ဖုန်း-၀၉-၅၁၄၀၇၁၃၊ ဦးဇော်မင်း ဖုန်း-၀၉-၅၃၅၂၄၁၈၊ ဦးသန်း ဖုန်း-၀၉-၄၃၂၀၀၉၀၄၊ ဦးခင်မောင် ဖုန်း-၀၉-၂၅၄၃၄၅၃၈၄၊ ဦးအေးကြူ ဖုန်း-၀၉-၄၅၀၀၅၈၅၅၃၊ ဦးဖေသန်း ဖုန်း-၀၉-၅၀၄၆၂၇၄

၁၅၀ တွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅/သမိုင်း၊ မြေကွက်အမှတ် ၁/ခ[၁၈၃]၊ မြေကွက်တည်နေရာအမှတ် ၃၆၅၊ ရွှေနှင်းဆီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်အေးစိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးစိန် ၁၃-၈-၂၀၁၀ ရက်တွင် ကွယ်လွန်သဖြင့် ဦးထွန်းစိန် ၁၂/ရကန(နိုင်)၀၅၇၈၅၁ က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃A[၂]၊ မြေကွက်အမှတ် ၄၃၊ မြေကွက်တည်နေရာအမှတ် ၃၃၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ ဦးမောင်ကလေးနှင့် မခင်ရီ အမည်ပေါက်ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် ၄၃၈၈/၉၇ (၁-၉-၉၇)ဖြင့် ဒေါ်ခင်သန်းမှ ပိုင်ဆိုင်ခဲ့ပြီး တာမွေမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၄၁၅/၂၀၁၂ တရားလို ဒေါ်မရီယန်ဘီက တရားပြိုင် ဒေါ်ရင်ရင်ဦး ပါ-၃အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် တရားမဇာရီမှုအမှတ် ၁၁၂/၂၀၁၃ အမိန့်တို့အရ တရားရုံး ဒေါ်ရင်ရင်ဦး ပါ-၃ကိုယ်စား ဘီလစ်အရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးတင်မြင့်(မန်နေဂျင်းဒါရိုက်တာ)Mother Land Construction (မှ) ဒေါ်မြတ်မြတ်မော် ၁၂/ကတန(နိုင်)၀၀၅၅၆၂(မှ)	ဦးအောင်ကြည် ၁၂/လသန(နိုင်)၀၁၀၂၆၉	အမှတ်(၂၆၈/၂၇၂)၊ အခန်းအမှတ်၇ထပ်(A)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးမောင်တင်(ခ)နူရာမတ် AKB-၂၀၆၉၁၄	ဒေါ်ထက်ထက်ခိုင် ၉/စကတ(နိုင်)၀၆၁၀၁၁	တိုက်အမှတ် (A-11)၊ အခန်း(၀၀၃)၊ မြေညီ(ဝဲ)၊ ရှုခင်းသာအဆင့်မြင့်အိမ်ရာ သာကေတမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး သင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၆။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှအခြေခံ(အဆင့်၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။
၇။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေး သင်တန်း(အဆင့်-၂)၊ (စီမံ/ဘဏ္ဍာ) (အခန်းဌာန) (အစားအစာနှင့်အဖျော်ယမကာဌာန)	-စီပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ -တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ။ ၇-၇-၂၀၁၄ ရက်မှ ၂၉-၈-၂၀၁၄ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၈၃၆

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၁ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၈

မန်နေဂျာ **နှင့်** ဦးသိန်းမြင့်
မြန်မာ့စီးပွားရေးဘဏ်
ပဲခူးမြို့။
တရားနိုင် **တရားရှုံး**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၆၊ (၁၈)ရပ်ကွက်၊ အမှတ် ၂၇၄နေ ဦးသိန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၇၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

၂၀-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးသူရိန်ထွန်း၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်ဖြူဖြူညွန့်၏ ဒေါ်စုစုမွန်နှင့်ပတ်သက်၍

အကြောင်းကြားခြင်းအပေါ် ပြန်လည်ဖြေရှင်းခြင်း

ဒေါ်စုစုမွန် ၁၂/ရကန(နိုင်) ဝ၆၈၄၃၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြေရှင်းအပ်ပါသည်။

ဒေါ်စုစုမွန်သည် ဦးသူရိန်ထွန်းနှင့် အိမ်ထောင်ပြုပြီး သမီးတစ်ဦး၊ သားတစ်ဦးမွေးဖွားပြီး ယနေ့ထိ မယားဝတ္တရားမပျက်မယွင်းနေထိုင်ခဲ့ပါသော်လည်း ဦးသူရိန်ထွန်းသည် အမြဲမပြတ် အနိုင်ကျင့်ခြင်း၊ ရိုက်နှက်ခြင်းများ ပြုလုပ်လေ့ရှိပါသည်။ ၁၀-၆-၂၀၁၄ ရက်ကလည်း စကားများရာမှ ဦးသူရိန်ထွန်းက ကိုယ်ထိလက်ရောက် ရိုက်နှက်သဖြင့်လည်းကောင်း၊ ကြိမ်းမောင်းခြိမ်းခြောက်သဖြင့်လည်းကောင်း နေအိမ်တွင်မနေဝံ့၍ ဆွေမျိုးများအိမ်တွင် သွားရောက်နေထိုင်ခြင်းဖြစ်ပါသည်။ ဒေါ်စုစုမွန်နေအိမ်မှ ထွက်ခွာလာစဉ်က ရွှေထည်ပစ္စည်း အဖြစ် ဝတ်ဆင်ထားသောနားကပ်တစ်ရန်၊ မော်တော်ကားနှင့် မြေပါမစ်တစ်စောင်ပါရှိပါသည်။ ဒေါ်စုစုမွန်နှင့် ကလေးအတွက်ဝင်ငွေမရှိသဖြင့် မော်တော်ကားကို ယူသွားခြင်းဖြစ်ပြီး မြေပါမစ်မှာလည်း ဒေါ်စုစုမွန်၏ လက်ဝယ်တွင်ရှိနေပါသည်။

ဦးသူရိန်ထွန်းအနေဖြင့် စုံစမ်းရှာဖွေသည်ဆိုသည်မှာ မမှန်ပါ။ တယ်လီဖုန်းဖြင့် အဆက်အသွယ်ပြုရာတွင် ကလေးနေကောင်းသလားဟုပင် မမေးဘဲ ပစ္စည်းများ ပြန်ပို့ရန်သာ တောင်းဆိုနေခြင်းဖြစ်ပါသည်။ ပစ္စည်းများသည် လင်မယားနှစ်ဦးပိုင်ဖြစ်၍ မပျောက်ပျက်ရအောင် ယူဆောင်ထိန်းသိမ်းထားခြင်းသာဖြစ်ကြောင်းနှင့် နောက်နောင်တွင် ဒေါ်စုစုမွန်အပေါ် အများပြည်သူ အထင်အမြင်လွဲမှားစေရန် ကြော်ငြာခြင်းမျိုးထပ်မံပြုလုပ်ပါက ဒေါ်စုစုမွန်က ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်းအပ်ပါသည်။

ဒေါ်စုစုမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း (ဝါးခယ်မ)တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၄၊ ခြောက်လွှာ၊ သမိန်ဗရမ်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၄၃၁/ခ၊ မြေကွက်တည်နေရာအမှတ် ၄၃၁/ခ၊ မြို့မ ၆ လမ်း၊ ၄/တောင်၊ သာကေတမြို့နယ် (၁)ဦးမြအောင်၊ (၂)ဦးမောင်ချို အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြအောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အုန်းကြည် ၁၂/ဗတထ(နိုင်)၀၁၅၀၈၁ နှင့် ကျန်အမည်ပေါက် ဦးမောင်ချို ၁၂/သကတ(နိုင်)၀၅၉၄၆၇ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၁၈၆/၂၀၁၄)နှင့် (၁၄၁၈၇/ ၂၀၁၄)အရ ဦးကျင်တိတ်(ခ) ဦးသိန်းထွန်း ၁၂/လသန(နိုင်)၀၀၅၂၁၁ မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြိုင်မဟာစည်သာသနာ့ရိပ်သာ(ရန်ကုန်)
စတုတ္ထအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြင်သာ ၁ လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြမည့် မြိုင်ဆရာတော်အရှင်ပညာဇောတ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက)အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား စတုတ္ထအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့(၁၁-၇-၂၀၁၄)ရက် သောကြာနေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ နံနက် ၉ နာရီတွင် မဇ္ဈိမဂုဏ်ရည် ဆရာတော်ဒေါက်တာအရှင်ကောဝိဒမှ ရေစက်ချအနုမောဒနာတရား ဟောကြားပါမည်။

မြိုင်မဟာစည်သာသနာ့အကျိုးဆောင်အဖွဲ့

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် တရားမရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁ နှင့်ဆက်နွှယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁

၁။ ဦးမိုးထွဋ်ဟန် **နှင့်** ဒေါ်မြကြည်
၂။ ဒေါ်သာမာဟန်
၃။ ဦးမင်းထွဋ်ဟန်
(၂ တရားလိုကိုယ်တိုင်နှင့် ၁၊ ၃ တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်)
တရားနိုင်များ **တရားရှုံး**

ဒေါ်မြကြည် အမှတ် ၅၀/၅၁၊ သူရဿတီလမ်း၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ခ)အမှတ်(၇)၊ တိုက်အမှတ် ၆၊ ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

